e.com

SAMPLE BOOK

The New York Times Best Sellers

# JOHN GRISHAM

# KID LAWYER

## (THEODORE BOONE)

တင်မောင်မြင့်

မြန်မာပြန်

# ကလေးရှေ့နေ


2024 GRAPHIC DESIGN : KYAW MINN MAUNG



mgyoe.com

SAMPLE BOOK

# JOHN GRISHAM
# KID LAWYER
(THEODORE BOONE)



ISBN 978-99986-52-50-7
K0528
9 789998 652507 >

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက် (၀၀၀၃၈)
အမှတ်-၁၉ (စီ)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်

တန်ဖိုး - ၉၃၀၀ ကျပ်


mgyoe.com


mgyoe.com
SAMPLE BOOK

# JOHN GRISHAM
# KID LAWYER
## (THEODORE BOONE)

တင်မောင်မြင့်


မြန်မာပြန်

# ကလေးရှေ့နေ



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



**(1983–1990) John Grisham**

ဂျွန်ခရစ်ရှမ်ကို ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ အာကန်ဆောပြည်နယ်၌ မွေးဖွားခဲ့သည်။ ဥပဒေဘွဲ့ရ ရှေ့နေအဖြစ်နှင့် မစ္စစ္စပီပြည်နယ်၊ ဒီမိုကရက်တစ်ပါတီဝင် လွှတ်တော်အမတ် (၁၉၈၃–၁၉၉၀) ဖြစ်လာခဲ့ရာမှ စာရေးဆရာ ဖြစ်လာသူ။ သူ ရေးခဲ့သည့် စာအုပ်ပေါင်း ၃၇ အုပ် ရှိပြီ။ ရောင်းအကောင်းဆုံး စာရင်းဝင်တွေ ပါပြီး ကမ္ဘာအနှံ့ အုပ်ရေ သန်းပေါင်း ၃၀၀ ရောင်းရသော ဟူ၏။

သူ၏ ဥပဒေနှင့် သည်းထိတ်ရင်ဖို ဝတ္ထုများကို ရုပ်ရှင် ဆယ်ကား ရိုက်ခဲ့ရပြီး လူကြိုက်များခဲ့သည်။ တီဗွီဇာတ်လမ်းတွဲ ငါးကား ရိုက်ခဲ့ရာတွင် ပါဝင်သော Street Lawyer မှာ ကျွန်တော် ဘာသာပြန်ခဲ့ဖူးသည့် စာအုပ် ဖြစ်ပါသည်။

သူ့စာအုပ်များအနက်မှ ကျွန်တော် ဘာသာပြန်ခဲ့သည့် စာအုပ်များမှာ....

(၁) Partner – ကြယ်ကြွေရာနောက်သို့ (ပုဂံ၊ ကံ့ကော်ဝတ်ရည်)

(၂) Street Lawyer –လမ်းဘေးရှေ့နေ (ကံ့ကော်ဝတ်ရည်)

(၃) Summon – သမ္မန်စာ (လင်းလွန်းခင်) နှင့် ယခု

(၄) Kid Lawyer – ကလေးရှေ့နေ (ကံ့ကော်ဝတ်ရည်) တို့ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုများလည်း သူ ရေးခဲ့ဖူးပြီး အချို့ကို မဂ္ဂဇင်းများတွင် ကျွန်တော် ဘာသာပြန်ခဲ့ဖူးပါသည်။

၁၉၉၃ ခုနှစ်က ရခဲ့သည့် Golden Plate Award of the American Academy of Achievement ဆု၊ Harper Lee ဆုနှင့် အခြားဆုကြီး လေးဆု ရခဲ့သည်။

အခြားစာအုပ် အမှာစာများတွင်လည်း သူ့အကြောင်း ရေးခဲ့ပြီးဖြစ်၍ ဤမျှသာ။

တင်မောင်မြင့်
၁၁.၂.၂၀၂၄

⁂

mgyoe.com

mgyoe.com SAMPLE BOOK

## အဖွင့်စာမျက်နှာ

ပြစ်ဒဏ်...

မျက်မြင်သက်သေ တယောက်တလေမျှပင် မရှိဘဲ ပြစ်ဒဏ်ချတယ် ဆိုတာကို သီအို လုံးဝ လက်မခံနိုင်အောင် ဖြစ်နေတယ်။ ပြီးတော့ သူက အပြစ် ရှိ၊ မရှိ ခွဲခြားသိနိုင်တယ်လို့ သူ့ကိုယ်သူ ယုံကြည်နေတယ်။

အပြစ်ရှိပါလျက် ဘာကြောင့် မစ္စတာဒတ်ဖီကို ပြစ်ဒဏ် မချနိုင်ရမှာလဲ။ သီအို ကလေးတွေး တွေးပြီး တနုံ့နုံ့ ဖြစ်နေတယ်။ တကယ့်ရှေ့နေ တယောက်လို ငါ ဘာကြောင့် မလုပ်နိုင်ရမှာလဲလို့ သူ့ကိုယ်သူ ကီသွင်းလိုက်ပြီး ဒတ်ဖီ့အမှုကို သူ လေ့လာတယ်။ အမှုရဲ့ နောက်ကွယ်မှာ ဘာတွေ ရှိနေလဲ။

ဒီအမှုမှာ တခုခု မြုပ်နေတယ်လို့ သူက တွက်တယ်။ တရားခွင် နှစ်ဖက် ရှေ့နေတွေရဲ့ အပြန်အလှန် မေးခွန်းတွေ နောက်မှာ တခုခု မြုပ်နေတယ်လို့ သူက ယုံကြည်နေတယ်။ အင်း... ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ ကတော့ ဒီအရှုပ်အထွေးကို ရှင်းနိုင်ဖို့ ဝေလာဝေးနေလိမ့်မယ်။

⁂

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

သီအိုဒိုဘွန်းက ကလေးဆိုတော့ မနက်စာကို တစ်ယောက်တည်း စားရတယ်။ အဖေက ရှေ့နေပီပီ သူ့အပေါင်းအသင်းတွေနဲ့ ဝေဖန်လေကန်ဖို့ ကော်ဖီဆိုင်မှာ ချိန်းပြီး မနက် ခုနစ်နာရီဆို အိမ်က ထွက်ပြီ။ အမေကလည်း ရှေ့နေ။ အမေက နံနက်စာကို သတင်းစာဖတ်ရင်း ကော်ဖီတခွက်ပဲ သောက်တာ ဆယ်နှစ်ရှိပြီ။ ကိုယ်အလေးချိန် မတက်အောင် တဲ့လေ။ ဒီတော့ မီးဖိုခန်းထဲက စားပွဲမှာ သီအို တယောက်တည်း မနက်စာ စားပါတယ်။ အေးစက်နေတဲ့ ဆန်ပြုတ်နဲ့ လိမ္မော်ရည်တခွက် ပုံမှန်။ နံရံက နာရီကို တကြည့်ကြည့်နဲ့ သူ စားတယ်။ သူတို့အိမ် နံရံတိုင်းမှာ နာရီတွေ ရှိတယ်။ အချိန်ကို လေးစားသူတွေရဲ့ အိမ်တွေ အတိုင်းပါပဲ။

ဒါပေမဲ့ သီအိုက ဘယ်တော့မှ အထီးကျန်တယ်လို့ စိတ်ထဲ မထင်ဘူး။ သူ့မှာ အဖော် ရှိတယ်လေ။ သူ့ခြေရင်း ကြမ်းပြင်ပေါ်မှာ သူ့လိုပဲ နံနက်စာ လွေး နေတဲ့ သူ့ အချစ်တော်ကြီး ဂီဒီယန်*။ ဒီကောင်က ကပြား။ ဘာနဲ့ဘာ စပ်ကျတဲ့ မျိုးရိုးမှန်း အတိအကျ မသိရဘူး။ အသက်ကိုလည်း မမှန်းတတ်ဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်က တိရစ္ဆာန်တရားရုံးမှာ အသက် ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေချိန် သူ့ကို သီအိုက ကယ်ထားလိုက်တာပါ။ ဒီကျေးဇူးကို ဂီဒီယန်က ဘယ်တော့မှ မမေ့။

* ခရစ်ယာန်ဓမ္မဟောင်းကျမ်းစာလာ တရားသူကြီးနာမည်ကို ယူပြီး သူ့ခွေးကြီးကို ပေးထားတဲ့ နာမည်။

mgyoe.com

ကျောင်းသွားရင် သူ့ကို သီအို နှုတ်ဆက်သွားမှ ကျေနပ်တယ်။ မနက်စာကိုတော့ ခုလိုပဲ တိတ်တိတ်ကလေး စားတတ်ကြတယ်။

ရှစ်နာရီ ထိုးတာနဲ့ သီအိုက ပန်းကန်ခွက်ယောက်တွေ ဆေးကြောပြီး ပိုတဲ့ နို့ပုလင်းကို ရေခဲသေတ္တာထဲ ပြန်ထည့်၊ အားလုံးပြီးမှ အမေ့ သီးသန့်အခန်းထဲ ပြေးဝင်ပြီး ပါးကိုနမ်း နှုတ်ဆက်တယ်။

"သား သွားတော့မယ် မေမေ"

တပတ်မှာ ငါးကြိမ် မေးနေကျ မေးခွန်းကို မေးတယ်။

"ဒီနေ့ သုံးဖို့ မုန့်ဖိုး ပါပြီလား"

"အမြဲတမ်း ပါပါတယ် မေမေရ"

"အိမ်စာတွေ အားလုံး ပြီးရဲ့လား"

"ပြီးပါတယ် မေမေ"

"ဘယ်အချိန် သားကို တွေ့ရမှာလဲ"

"ကျောင်းဆင်းရင် မေမေ့ ရုံးခန်းကို လာခဲ့မယ်လေ"

သီအို ကျောင်းက ပြန်လာရင် အမေ့ဆီ အမြဲ ဝင်နေကျ။ ဒါပေမဲ့ အမေက နေ့တိုင်း မေးတတ်တယ်။

"စက်ဘီး စီးရင် သတိထားနော်၊ ပြီးတော့ ပြုံးဖို့ ဘယ်တော့မှ မမေ့နဲ့"

သီအိုရဲ့ ပါးစပ်ထဲမှာ သွားထိန်းတပ်ထားရတာ နှစ်နှစ် ရှိပြီ။ သူ ဖြုတ်ချင်လှပြီ။ အမေက နေ့တိုင်း ပြုံးခိုင်းနေတယ်။ သူ ပြုံးလိုက်ရင် ကမ္ဘာကြီး ပိုပျော်စရာ ကောင်းလာမယ်များ အမေ ထင်နေသလား မသိ။

"ပြုံးပါတယ် မေမေရဲ့"

"မေမေ့သားလေး တက်ဒီ၊ သိပ်ချစ်တာပဲ"

"သားလဲ မေမေ့ကို သိပ်ချစ်တာပဲ"

တက်ဒီ အခေါ်ခံလိုက်ရပေမယ့် သူက ပြုံးနေမြဲ။ ကျောပိုးအိတ်ကို လွှားခနဲ ကျောပေါ် ပစ်တင်ပြီး ဦးထုပ် ဆောင်းရင်း အမေကို နှုတ်ဆက် ထွက်လာခဲ့တယ်။ ပြီးတော့ ဂီဒီယန်ကို ခေါင်းပုတ်ပြီး နှုတ်ဆက်လိုက်သေးတယ်။

စက်ဘီးပေါ် လွှားခနဲ ခုန်တက်ပြီး ရွက်ကြွေတွေ ဖုံးကွဲနေတဲ့ မောလဒ် လမ်းပေါ်မှာ သူ တအား နင်းလာခဲ့တယ်။ သူတို့နေတဲ့ နေရာက ဒီမြို့ကလေးရဲ့ ရှေးဟောင်းရပ်ကွက်။ ဆင်ဝင်အောက်မှာ ရပ်နေတဲ့ မစ္စတာ နန်နာရီကို သူ လှမ်း

m g y o e . c o m

 mgyoe.com SAMPLE BOOK 

လက်ပြတယ်။ သူက အသွားအလာ ကျဲပါးလှတဲ့ အိမ်ရှေ့လမ်းပေါ်ကို တနေကုန် ထိုင်ပြီး ငေးနေတတ်သူ။ လမ်းအကွေ့ ပလက်ဖောင်းပေါ်မှာ မစွက်ဂွဒ်လို အနား က သူ ဖြတ်လာခဲ့တယ်။ ဘာမှတော့ လှမ်းမပြောလိုက်ဘူး။ အဘွားကြီးက နားလည်း မကြား၊ စိတ်လည်း သိပ်မနှံ့တော့ဘူးလေ။ လှမ်းပြီး ပြုံးပြတော့ သူ့ကို ဘယ်လိုမှ မတုံ့ပြန်ဘူး။ သွားအတု တပ်မလာဘူး။ အိမ်မှာ မေ့ကျန်ရစ်ခဲ့ပုံ ရတယ်။ ခါနွေဦးမို့ လေရူးကလည်း တသုန်သုန်နဲ့ ရာသီဥတုက အေးမြမြ။ မျက်နှာ ရှေ့တည့်တည့်က တိုးနေတဲ့ လေအေးဒဏ်ကို မမှုဘဲ သီအို စက်ဘီးကို စွတ်နင်း လာခဲ့တယ်။ အတန်းထဲကို ရှစ်နာရီ လေးဆယ် အရောက်သွားရမှာလေ။ ကျောင်း မရောက်ခင် အရေးတကြီး လုပ်စရာကလေးတွေလည်း ရှိသေးတယ်။ ကားတွေ ကြားထဲက ကွေ့ပတ် ကျော်တက်ပြီး တအားနင်းလာခဲ့တယ်။ မီးပွိုင့် နီနေချိန်က လွဲပြီး တလမ်းလုံး မနားတမ်း သူ နင်းလာခဲ့တယ်။ ဒါက သီအိုရဲ့ နိစ္စဓူဝ လုပ်နေကျ တာဝန်။ လေးပြလောက် ခရီးရောက်တော့ ရုံးတွေ၊ ဆိုင်တွေနဲ့ ကုန်တိုက်တွေ ရှိတဲ့ မြို့လယ်ကောင်ကို ရောက်လာတယ်။

စထရက်တင်ဘတ် မြို့ကလေးရဲ့ မြို့နယ်တရားရုံးဟာ မြို့လယ်ကောင်က အကြီးဆုံး အဆောက်အအုံကြီး။ ဒုတိယထပ်မှာ စာတိုက်၊ တတိယထပ်မှာ စာ ကြည့်တိုက်။ ဗဟိုလမ်းမကြီးရဲ့ မြောက်ဘက်မှာ အစဉ်အတိုင်း တည်ရှိနေတယ်။ မြစ်ကူးတံတားနဲ့ မလှမ်းမကမ်းမို့ ရှုခင်းလည်း သာတယ်။ ရုံးကြီးရဲ့ရှေ့ ပန်းခြံထဲမှာ ရှုခင်းကြည့်ဖို့ မျှော်စင်နဲ့၊ စစ်အတွင်းက ကျဆုံးခဲ့တဲ့ စစ်သည်သူရဲကောင်းများရဲ့ ရုပ်တုတွေနဲ့ ငှက်ကလေးတွေ ရေသောက် ရေချိုးဖို့ ရေတိုင်ကလေးတွေဟာ ပန် တင့်လှတယ်။

ဒီတရားရုံးကြီးကို သီအို ချစ်တယ်။ လေးစားတယ်။ ရှေ့နေတွေ ရှုပ်ယှက်ခတ်ပြီး တရားဥပဒေ စိုးမိုးရာ သင်္ကေတလို့ သူ ထင်တယ်။ နံရံတွေပေါ်က ကျောက်သင်ပုန်းကြီးတွေမှာ ကြော်ငြာတွေနဲ့ ပြည့်လို့၊ ပြီးတော့ အမှုအခင်းအလိုက် အထပ်တိုင်းမှာ ရှိနေတဲ့ ရုံးခန်းပေါင်း များစွာ။ ပြီးတော့ ဂျူရီလူကြီး မပါဘဲ စစ်တဲ့ ရုံးခန်းတွေ။

ဒုတိယထပ်က တရားရုံးချုပ်မှာ ရှေ့နေတွေနဲ့ ပျားပန်းခပ်နေတယ်။ သူတို့ကို ကြည့်ရတာ ရောမခေတ် သူရဲကောင်းတွေလို့ သီအို ထင်နေတယ်။ တရားသူကြီးတွေကတော့ ရှင်ဘုရင်တွေပေ့ါ။

mgyoe.com

mgyoe.com SAMPLE BOOK

အသက် ဆယ့်သုံးနှစ်ပဲ ရှိတဲ့ သီအိုကလေးဟာ သူ့အနာဂတ်မှာ ဘာဖြစ်လာမယ် ဆိုတာ မတွေးတတ်သေးဘူး။ တခါတလေ အမှုလိုက်ရှေ့နေ လုပ်ဖို့ သူ အိပ်မက် မက်တတ်တယ်။ လက်ဆွဲအိတ်ကြီး ဆွဲလို့၊ အမှုတိုင်း နိုင်တဲ့ ရှေ့နေမျိုး။ နောက်တနေ့မှာ တရားသူကြီး ဖြစ်ချင်နေပြန်တယ်။ တရားမျှတမှုကို ဦးထိပ်ထားမယ်ပေါ့။ အဲဒီလိုပဲ သူ့အတွေးတွေ တနေ့တမျိုး ယောက်ယက်ခတ်နေတတ်တယ်။

တရားရုံးချုပ် ခန်းမဆောင်ကြီးထဲမှာ တနင်္လာနေ့ မနက်မို့ လူတွေ ပျားပန်းခပ်နေကြပြီ။ အမှုသည်တွေနဲ့ ရှေ့နေတွေ တီးတိုး တီးတိုး သဖန်းပိုး။ ဓာတ်လှေကားမှာ စောင့်နေတဲ့ လူတွေ ပြည့်ကျပ်နေလို့ ဒုတိယအထပ်ကို သီအို လှေကားထစ်တွေ တထစ်ကျော် နင်းပြီး ပြေးတက်လာခဲ့တယ်။ အရှေ့ဆောင်မှာ လင်မယား ကွာရှင်းပြတ်စဲခြင်း ရှေ့နေရုံးခန်း ရှိတယ်။ သူ့အမေကိုင်တဲ့ အမှုမျိုးတွေ။ ဒီအမှုကိစ္စတွေမှာ တရားသူကြီးတဦးတည်း ဆုံးဖြတ်တာမို့ ဂျူရီလူကြီးတွေ မလိုဘူး။ တရားရုံးခန်းကလည်း သေးသေးလေး။ အခန်းထဲမှာ သီအိုက သူ့သူငယ်ချင်းကို ရှာတော့ ရုံးခန်းထောင့်မှာ သွားတွေ့တယ်။

သစ်သားခုံတန်းရှည် တခုပေါ်မှာ ထိုင်လို့၊ မိန်းကလေးက သေးသေး သွယ်သွယ်။ စိတ်လှုပ်ရှားနေတဲ့ ပုံစံနဲ့ တယောက်တည်း ထိုင်နေတာ။ သူ့ကို မြင်တော့ ပြုံးပြပြီးမှ နှုတ်ခမ်းအစုံကို လက်ဝါးနဲ့ ချက်ချင်း ပိတ်လိုက်တယ်။ သီအိုက သူ့နားမှာ ဒူးချင်းထိပြီး ကပ်ထိုင်ချလိုက်တယ်။ သူက တခြားကောင်မလေးတွေနဲ့ ဆိုရင် အနည်းဆုံး နှစ်ပေအကွာမှာ ထိုင်တတ်တယ်။ အသားချင်း ဘယ်တော့မှ မထိဘူး။

ဒါပေမဲ့ ပေရယ်လ်ဖင်နီမိုးက တခြားကောင်မလေးတွေနဲ့ မတူဘူး။ ဘုရားကျောင်းနားမှာ ဖွင့်ထားတဲ့ မူကြိုတက်ကတည်းက ခင်ခဲ့ကြတဲ့ ငယ်သူငယ်ချင်း။ အဲဒီတုန်းက သူတို့နှစ်ယောက်စလုံး လေးနှစ်ပဲ ရှိသေးတယ်။ ကစားဖော်ကစားဖက်တွေထဲမှာ အခင်ဆုံးတွေ ဖြစ်ခဲ့ကြတယ်။ ခုထက်ထိ သူငယ်ချင်းလို ပေါင်းလာခဲ့ကြပေမယ့် ဟိုဟိုဒီဒီ မဖြစ်ခဲ့ကြဘူး။ ငယ်သေးတယ်လေ။ သီအိုတို့ အတန်းထဲမှာ သူတို့နဲ့ ရွယ်တူ ဆယ့်သုံးနှစ်သား ကောင်လေးတယောက်က ရည်းစားတွေ ဘာတွေ ထားတတ်နေပြီ။ သူတို့နှစ်ယောက်ကတော့ အဲဒီလို မဟုတ်ဘူး။ မောင်ချစ်၊ နှမချစ်နဲ့ တွယ်တာခဲ့ကြတာ။

ပေရယ့်လ်မှာ လောလောဆယ် ရဲဘော်ရဲဘက် တိုးတိုးဖော် သူငယ်ချင်း

mgyoe.com

လိုအပ်နေချိန်မို့ သီအို ရောက်လာတာ ဝမ်းသာအားရ ဖြစ်သွားတယ်။ ပေရယ့်လ်အဖေနဲ့ အမေက ကွာရှင်းကြတော့မှာမို့ ဒီတရားရုံးခန်းထဲကို ရောက်နေတာလေ။ တော်ပါသေးရဲ့၊ သူ့အမေ ရုံးကို ရောက်မလာလို့။ ပေရယ့်လ်မိဘတွေ ကွာရှင်းကြတော့မယ် ဆိုတဲ့ သတင်း ထွက်လာတော့ ဘယ်သူမှ မအံ့သြကြဘူး။ ပေရယ့်လ်အဖေက ခပ်ကြောင်ကြောင်။ ရှေးဟောင်းပစ္စည်း ဝယ်ရောင်းအလုပ် လုပ်တယ်။ ပြီးတော့ ညကလပ်တီးဝိုင်းတခုမှာ ဒရမ်တီးတယ်။ ခရီးတခါ ထွက်ရင် အနည်းဆုံး တပတ်လောက် ကြာတယ်။ သူ့အမေက ဆိတ်တွေ မွေးပြီး ဆိတ်နို့ကို ချိစ်လုပ်ရောင်းတယ်။ တမြို့လုံးကို ကားဝါကြီး တစ်စီးနဲ့ လှည့်ပတ်ပို့တယ်။ ကားကြီးက နိဗ္ဗာန်ယာဉ်ကို ပြန်ပြင်ထားတဲ့ ကားဟောင်း အစုတ်ကြီး။ ကားမှာ ဆွဲထားတဲ့ ကြော်ငြာပုံက နှုတ်ခမ်းမွေးစုတ်ဖွားနဲ့ မျောက်လွှဲကျော်တကောင်။ နှစ်လုံးပြူးသေနတ်ကို ခွစီးပြီး ချိစ်အခဲတွေ ဝါးစားနေတဲ့ ပုံ။ ဒါပေမဲ့ ရောင်းမကောင်းပါဘူး။ သီအို့အဖေ မစ္စတာဘွန်းက သူတို့မိသားစုကို မှတ်ချက်ပေးဖူးတယ်။ "လူ့အသိုင်းအဝိုင်း အပြင်ဘက်က လူစားမျိုးတွေပါကွာ" တဲ့။ အဓိပ္ပာယ်ကို သီအို သိပ်နားမလည်ဘူး။ ဒါပေမဲ့ မင်္ဂလာရှိတဲ့ စကား မဟုတ်မှန်းတော့ သူ သိလိုက်တယ်။ သူတို့လင်မယားနှစ်ယောက် ဆေးမှုနဲ့ ထောင်နန်းစံခဲ့ရဖူးတယ်။ သိပ်တော့ မကြာလိုက်ဘူး တဲ့။

"နင် နေကောင်းရဲ့လား ပေရယ့်လ်"

သူ့ပုံကို ကြည့်ပြီး သီအိုက မေးလိုက်တယ်။

"မကောင်းဘူး၊ ဒီနေရာကြီး လာရတာကိုက သိပ်စိတ်ညစ်တာဲ"

ပေရယ့်လ်မှာ အစ်ကိုတယောက်၊ အစ်မတယောက် ရှိသေးတယ်။ အစ်ကို့နာမည်က သြဂတ်စ်၊ အစ်မက မတ်ချ်။ နှစ်ယောက်စလုံး အိမ်က ထွက်ပြေးသွားကြတာ ကြာပြီ။ အစ်ကိုလုပ်သူက အထက်တန်း အောင်ပြီးတာနဲ့ အိမ်က ထွက်ပြေးသွားတာ။ မတ်ချ်ကတော့ ဆယ်တန်းကျပြီးမှ မြို့ကနေ ပျောက်သွားတာ။ အဲဒီတုန်းက သူ့အသက် ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ ဒီတော့ ပေရယ့်လ် တယောက်တည်း ကျန်ခဲ့ပြီး အမေနဲ့ အဖေ့ဒဏ်ကို စုခံရတော့တာပေါ့။ ဒါတွေကို သီအို အားလုံး သိနေတယ်။ ပေရယ့်လ်က သူ့ကို တိုးတိုးဖော်အဖြစ်နဲ့ ရင်ဖွင့်ခဲ့လို့ပါ။ သီအိုက အမြဲ နားထောင်ရသူ။

"ငါ ဘယ်သူနဲ့မှ အတူ မနေချင်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK


မိဘတွေအကြောင်း သူ ရင်ဖွင့်ပုံမှာ သနားစရာ ကောင်းလှပါတယ်။ သီအို က အတွင်းသိ အစဉ်းသိ မဟုတ်လား။ သမီးအပေါ် သူ့အဖေနဲ့ အမေ ဆက်ဆံပုံကို သီအိုက ရှုံ့မှုန်းစက်ဆုပ်ခဲ့တယ်။ သမီးကလေးအပေါ် သူတို့ ဘယ်လောက် ရက်စက်ခဲ့တာတွေ သီအိုက ချေးခါးအူမ သိထားသူလေ။ ဒါကြောင့် သူ့မိဘတွေကို ပေရယ်လ် အသေအလဲ မုန်းနေခဲ့တာပေ့ါ။ သူတို့နဲ့ အတူတူနေဖို့ထက် သေတာကမှ ကောင်းဦးမယ်။ သူငယ်ချင်း ကစားဖော်တွေထဲမှာ သူတို့အိမ်ကို ရောက်ဖူးတဲ့ ကလေး တယောက်မှ မရှိဘူး။

သူ့အမေနဲ့ အဖေ ကွာရှင်းမှုက တရားခွင်မှာ သုံးရက် ကြာခဲ့ပြီ။ ဒီနေ့ ပေရယ်လ်တယောက် ဝက်ခြံထဲ ဝင်ပြီး သက်သေခံရမယ့်နေ့။ တရားသူကြီးက မေးတော့မယ်။ အဖေနဲ့ နေချင်လား၊ အမေနဲ့ နေချင်လား ဆိုတဲ့ မေးခွန်း။ ပေရယ်လ် ဘယ်လို ဖြေရမှန်း သိမှာ မဟုတ်ဘူး။

သီအို တယောက်တည်း တွေးနေတယ်။

'သူတို့ (အဖေနဲ့ အမေ) ကကော ပေရယ့်လ်ကို လိုချင်ကြလို့လား'

နှစ်ယောက်စလုံးက သူ့ကို ပစ်စလက်ခတ် ထားခဲ့ကြတာပဲ၊ မိဘမေတ္တာ ကို ပေရယ်လ် လုံးဝ မခံစားခဲ့ရဖူးဘူးလေ။ ဒီတော့ တရားသူကြီးက ဒီလို မေးခွန်း မျိုး မေးခဲ့ရင် သူ ဘာဖြေရမှန်း သိမှာ မဟုတ်ဘူး။ ဒီအကြောင်း သူတို့နှစ်ယောက် အကြာကြီး ထိုင်ပြောခဲ့ကြတယ်။ ဒါပေမဲ့ အဖြေ မထွက်ခဲ့ဘူး။

သီအို့ အထင်တော့ အမေရော အဖေကပါ သူ့ကို ယူချင်ကြမယ် မဟုတ် ဘူး။ သူက သတင်းတွေ ကြားထားပြီးသား။ ဒါပေမဲ့ ပေရယ့်လ်ကို တခွန်းမှ ပြန် မပြောခဲ့။

"ဒါဆို အဲဒီလိုမေးခွန်း မေးလာရင် နင် ဘယ်လိုဖြေမလဲ"

လို့ သူ့ကို မေးလိုက်တယ်။

"တရားသူကြီးက အဲဒီလို မေးလာရင် ဘယ်သူနဲ့မှ မနေချင်ဘူး၊ ဒင်ဗာ မှာ နေတဲ့ ဒေါ်လေး ပက်ဂီဆီ သွားနေမယ်လို့ ပြောလိုက်မယ်"

"သူကကော နင့်ကို လက်ခံမှာတဲ့လား"

"လက်ခံမှာပါ"

"နင် အဲဒီလို မပြောရဘူးလေ၊ မသေချာဘဲနဲ့"

"ဒါဆို ငါ ဘယ်လိုပြောရမလဲ သီအို"

mgyoe.com

mgyoe.com
SAMPLE BOOK


"ငါ့အမေကတော့ နင့်ကို နင့်အမေနဲ့ အတူနေစေချင်မှာပဲ။ နင် မနေချင်မှန်း သိတယ်လေ။ နင့်မှာ ရွေးစရာလမ်းမှ မရှိတာ"

"တရားသူကြီးက ဘယ်လို အမိန့်ချမလဲ မသိဘူး"

"ဟုတ်တယ်၊ နင် ဆယ့်လေးနှစ် ပြည့်ရင် နင့်ဘာသာ နင် ရွေးချယ်ခွင့်ရှိတယ်။ ဒါပေမဲ့ ဆယ့်သုံးနှစ်ပဲ ရှိသေးတော့ တရားသူကြီးက ရွေးပေးလိမ့်မယ်။ ငါ့အမေကို မေးကြည့်တယ်။ ကလေးအုပ်ထိန်းခွင့်ကို ဒီတရားသူကြီးက ဘယ်တော့မှ အဖေတွေကို မပေးဘူး တဲ့။ အမေတွေကို ပေးတာ များတယ် တဲ့"

ပေရယ်လ်က ဂျင်းဘောင်းဘီနဲ့ တောစီးဖိနပ် ဝတ်ထားတယ်။ ဆွယ်တာက အပြာရောင်။ မိန်းကလေးဆန်ဆန် ဝတ်လေ့ မရှိဘူး။ ဒါပေမဲ့ ယောက်ျားလေးနဲ့ လုံးဝ မတူပါဘူး။ ပါးပေါ်ကို ကျလာတဲ့ မျက်ရည်တွေကို သူ သုတ်ပစ်လိုက်တယ်။ ဒါပေမဲ့ ဣန္ဒြေ လုံးဝမပျက်ဘူး။

"ကျေးဇူးတင်ပါတယ် သီအိုရယ်"

"ငါ နင့်အနားမှာ နေပေးချင်ပါတယ်ဟာ"

"ငါကလဲ နင့်နဲ့အတူ ကျောင်းတက်ချင်တာ"

သူတို့နှစ်ယောက် ကြိုးစားပြီး ရယ်လိုက်ကြတယ်။ သီအိုက...

"တင်းထားနော် ပေရယ်လ်၊ ငါ နင့်အကြောင်းပဲ တွေးနေမှာပါ"

"ကျေးဇူးပါ သီအိုရယ်"

⁂

သီအို သဘောအကျဆုံး တရားသူကြီးမင်းက ဟင်နရီ ဂန်ထရီ။ နာမည်ကျော် တရားသူကြီးရဲ့ ရုံးခန်းကို သူ ရောက်တော့ ရှစ်နာရီ နှစ်ဆယ် ဖြစ်နေပြီ။

တရားသူကြီးရဲ့ အတွင်းရေးမှူးအမျိုးသမီး မစ္စစ်ဟာဒီ ရုံးခန်း ရောက်တော့ အလုပ်ရှုပ်နေရာကနေ လှမ်းနှုတ်ဆက်တယ်။

"မင်္ဂလာပါ သီအို"

သီအိုက ပြုံးပြီး....

"မင်္ဂလာပါ မစ္စစ်ဟာဒီ"

အမျိုးသမီးကြီးက သီအို့အမေ အရွယ်။ မိန်းမချောကြီး။ တရားရုံး

mgyoe.com

mgyoe.com SAMPLE BOOK


အတွင်းရေးမှူးတွေထဲမှာ သီအို သဘောအကျဆုံး။ ဘီးလစ် (ရှေ့ဖတ်) စာရေးတွေထဲမှာ သီအို အကြိုက်ဆုံးက မိသားစုရေးရာ တရားရုံးက ဂျင်နီ ဆိုတဲ့ အမျိုးသမီး။

မစ္စစ်ဟာဒီကို သီအိုက...

"ကျွန်တော် တရားသူကြီး ဂန်ထရီနဲ့ တွေ့ချင်လို့ပါ အန်တီ။ သူ အထဲမှာရှိပါတယ်နော်"

"အေး၊ ရှိပါတယ်ကွဲ့။ ဒါပေမဲ့ သူ အလုပ်ရှုပ်နေတယ်"

"တဆိတ်ဗျာ၊ ကျွန်တော် တမိနစ်ပဲ ကြာမှာပါ"

အမျိုးသမီးကြီးက ကော်ဖီကို တကျိုက်မော့ပြီး...

"မနက်ဖြန် စီရင်ချက်ချမယ့် အမှုနဲ့ ဆိုင်လားဟင်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော့်တို့ အခြေခံဥပဒေနဲ့ လူ့အခွင့်အရေး သင်တန်းချိန်မှာ တတန်းလုံး နားထောင်ချင်လို့ပါ။ အဲဒါ နေရာရဖို့ တရားသူကြီးဆီမှာ ခွင့်တောင်းချင်လို့ပါ အန်တီ"

မစ္စစ်ဟာဒီက မျက်ခုံး တွန့်ပြီး...

"အင်း... ရပ့်မလား မသိဘူး၊ အန်တီ သိသလောက် တခန်းလုံး ပြည့်လျှံနေမှာ"

"ကျွန်တော် ခဏလေး တွေ့ပါရစေ အန်တီ"

"မင်းတို့အားလုံး ဘယ်နှယောက်လဲ"

"အားလုံး ဆယ့်ခြောက်ယောက် ခင်ဗျ၊ ကျွန်တော်တို့ ဝရန်တာမှာ ထိုင်ရလဲ ဖြစ်ပါတယ် ခင်ဗျာ"

မစ္စစ်ဟာဒီက မျက်ခုံးတွန့်ထားရင်း ဖုန်းကောက်ကိုင်လိုက်တယ်။ ခဏစောင့်ပြီး သူ တောင်းတောင်းပန်ပန် ပြောပေးရှာတယ်။

"ဟုတ်ကဲ့ရှင့်၊ သီအိုဒိုဘွန်းကလေး ရောက်နေပါတယ်၊ ခဏ တွေ့ပါရစေတဲ့ရှင့်"

တဖက်က ပြန်ပြောတာကို ခဏစောင့်နားထောင်ပြီး တရားသူကြီး ရုံးခန်းကို လက်ညှိုးထိုးပြရင်း သီအိုကို လှမ်းပြောတယ်။

"မြန်မြန်နော် သီအို"

စက္ကန့်ပိုင်းအတွင်း ဖိုင်တွဲတွေ တောင်လို ပုံနေတဲ့ ရောမစားပွဲကြီး ရှေ့မှာ သီအို ရပ်နေပြီ၊ ဒီလောက်ကြီးတဲ့ စားပွဲကြီးကို သူ တခါမှ မမြင်ဖူးဘူး။ တရားသူကြီးရဲ့ အရှိန်အဝါပဲလို့ သီအို ထင်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ခဏနေမှ သူ့ကို ခေါင်းထောင်ကြည့်ပြီး တရားသူကြီး စကားစတယ်။

"ကဲ... ဆို"

တရားသူကြီးက ဝတ်ရုံနက်ကြီး ခြုံမထားသေးဘူး။

"ဟုတ်ကဲ့ တရားသူကြီးမင်း ခင်ဗျာ၊ မနက်ဖြန် တရားခွင်ကို ကျွန်တော်တို့ ကျောင်းက အခြေခံဥပဒေနဲ့ လူ့အခွင့်အရေး အတန်းချိန်မှာ အတန်းသားတွေ လာပြီး နားထောင်ချင်လို့ လေ့လာချင်လို့ပါ ခင်ဗျ။ ဝရန်တာမှာ နေရာရလဲ ဖြစ်ပါတယ် ခင်ဗျ"

"ဩော... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်နှယောက်လဲ"

"အတန်းသား ဆယ့်ခြောက်ယောက်နဲ့ ဆရာမောင့်ပါ ဆိုရင် အားလုံး ဆယ့်ခုနစ်ယောက်ပါ ခင်ဗျ"

တရားသူကြီးက ဖိုင်တွဲတတွဲကို ဆွဲယူပြီး ဖွင့်ဖတ်နေတယ်။ ငါ့ကို မေ့များသွားလေပြီလား ဆိုပြီး သီအို သတိဆွဲ ရပ်နေရင်း တွေးပူလိုက်မိတယ်။ ဆယ့်ငါးစက္ကန့်လောက် ကြာမှ တရားသူကြီးက ဖြုန်းစားကြီး ပြောလာတယ်။

"ဆယ့်ခုနစ်ခုံ၊ ဝရန်တာ ဘယ်ဘက် ရှေ့ဆုံးတန်းမှာ ရမယ်။ ဘီးလစ် စာရေးကြီးကို ပြောလိုက်မယ်။ သေသေဝပ်ဝပ် နားထောင်ကြနော်"

"စိတ်ချပါ တရားသူကြီးမင်း ခင်ဗျား"

"အေး အေး... မင်းတို့ ကျောင်းအုပ်ဆရာကြီးဆီ အီးမေးလ်တစောင် မစွစ်ဟာဒီ ပို့ပေးလိမ့်မယ်။ အိုကေနော် သီအို"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကဲ... သွားတော့၊ ငါ အလုပ်များနေတဲ့အတွက် ဆောရီးပါကွာ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သီအိုက တံခါးဆီ ပြေးသွားမယ် ဟန်ပြင်တုန်း တရားသူကြီးက လှမ်းမေးလိုက်တယ်။

"ဒီအမှုမှာ မစ္စတာဒတ်ဖီ အပြစ်ကျူးလွန်တယ်လို့ မင်း ထင်လား သီအို"

သီအိုက ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောလိုက်တယ်။

"ကြည့်ရတာတော့ သူ လွတ်မယ့်ပုံပဲ ခင်ဗျ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟုတ်ပြီ၊ မင်းကကော ဘယ်လို ထင်လဲ"

"ကျွန်တော်ကတော့ သူ သတ်တာလို့ ထင်တယ် ခင်ဗျ"

တရားသူကြီး မသိမသာ ခေါင်းညိတ်လိုက်ပေမယ့် သဘောတူတဲ့ ပုံမျိုးတော့ မဟုတ်ဘူး။

သီအိုက တရားသူကြီးကို ပြန်လှန်မေးခွန်း ထုတ်လိုက်တယ်။

"အန်ကယ် တရားသူကြီးကကော ဘယ်လို ထင်ပါသလဲ"

နောက်ဆုံးကျမှ တရားသူကြီးက ပြုံးလိုက်ပြီး...

"ငါက ဒီပွဲမှာ ဒိုင်လူကြီးလေကွာ၊ ဒိုင်လူကြီးဆိုတာ ဘယ်ဘက်မှ မလိုက်ရဘူးကွ၊ သူ့မှာ အပြစ်ရှိတယ်၊ မရှိဘူး ဆိုတာ ဘယ်လိုမှ ကြိုမပြောနိုင်ဘူး"

"ဟုတ်ကဲ့၊ တရားသူကြီး ဒီလိုပဲ ပြောမယ်ဆိုတာ ကျွန်တော် ကြိုတွက်ထားပြီးသားပါ ခင်ဗျာ"

"ကျေးဇူးပါ သီအို"

"ဟုတ်ကဲ့ခင်ဗျ၊ မနက်ဖြန် ကျွန်တော်တို့ လာခဲ့ပါ့မယ်"

ပြောပြီး သီအို ပြေးထွက်လာခဲ့တယ်။

မစ္စစ်ဟာဒီက ခါးထောက်ပြီး ရပ်နေရာက တရားသူကြီးနဲ့ အတင်းတွေ့ခွင့်တောင်းနေတဲ့ ရှေ့နေနှစ်ယောက်ကို စူးစူးဝါးဝါး ကြည့်နေတယ်။ ပြီးတော့ သူတို့ သုံးယောက်စလုံး တရားသူကြီး အခန်းဆီ လျှောက်သွားကြတော့ သူက အမျိုးသမီးကို ကြည့်ပြီး "ကျေးဇူးတင်ပါတယ် အန်တီ" လို့ ပြောပြီး ပြေးချလာခဲ့တယ်။

✱

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

တရားရုံးကနေ သီအိုတို့ အလယ်တန်းကျောင်းကို စက်ဘီး ဆယ့်ငါးမိနစ် နင်းရတယ်။ ယာဉ်စည်းကမ်းအတိုင်း လိုက်နာရင်ပေါ့။ သီအိုက ကျောင်းကို နည်းနည်းပါးပါး အရောက်နောက်ကျချင် ကျပါစေ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအတိုင်း နင်းတယ်။ ဒီနေ့တော့ တော်တော်လေး နောက်ကျနေလို့ ကားတစီးကို ကျော်တက်ပြီး ဖြတ်လမ်းက စီးလာခဲ့တယ်။ နာရီကြည့်လိုက်တော့ သူ ကိုးမိနစ်နဲ့ ရောက်လာခဲ့တယ်။ အင်း.... မဆိုးဘူးပေါ့။

အလံတိုင်နံဘေးမှာ တခြားစက်ဘီးတွေနဲ့အတူ သော့ခတ်နေတုန်း ကျောင်းကားတစ်စီး ထိုးဆိုက်လာပြီး ကလေးတွေ အလုအယက် စုပြုံ ပြေးဆင်းလာကြတယ်။ ခေါင်းလောင်းထိုးချိန်နဲ့အကိုက် သီအို အတန်းထဲ ရောက်လာခဲ့တယ်။ ရှစ်နာရီ လေးဆယ်တိတိ။ အတန်းပိုင်ဆရာ ဆရာမောင့်ကို "မင်္ဂလာပါ ဆရာ" လို့ လှမ်းနှုတ်ဆက်လိုက်တယ်။ ဆရာမောင့်က သူတို့ကို အခြေခံဥပဒေနဲ့ လူ့အခွင့်အရေး ဘာသာရပ်တခုပဲ သင်တာ။

ဆရာ့စားပွဲဆီကို သီအို လျှောက်သွားတယ်။ တရားသူကြီး စားပွဲနဲ့စာရင် ဆရာမောင့်စားပွဲက ပိစိကွေးလေးလို ဖြစ်နေတယ်။

"တရားသူကြီး ဂန်ထရီနဲ့ ကျွန်တော် တွေ့ခဲ့ပြီးပြီ ဆရာ"

အတန်းတက်စ ကျောင်းသားကလေးတွေရဲ့ အသံနဲ့ အခန်းထဲမှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ပွက်လောရိုက်နေတယ်။ တယောက်နဲ့တယောက် နောက်ကြ ပြောင်ကြ ဟာသတွေ ပြောပြီး တသောသော ရယ်ကြနဲ့။

ဆရာက...

"အဲဒီတော့..."

"ကျွန်တော်တို့ တတန်းလုံးအတွက် နေရာရခဲ့ပြီ ဆရာ၊ စောစော သွားရမယ်"

"ဟာ... နိပ်တာပေါ့၊ ဘရာဗို သီအို"

ဆရာက အတန်းကို ငြိမ်အောင် ထိန်းလိုက်ပြီး ကျောင်းခေါ်ချိန် စာအုပ်ကို ငုံ့ကြည့်ရင်းနဲ့ နာမည်ခေါ်တယ်။ နောက် ဆယ်မိနစ်ကြာတော့မှ မနက်ဖြန် အစီအစဉ်ကို ပြောပြတယ်။ ပြီးမှ အောက်ထပ်ခန်းမထဲက ဆရာမ မိုနစ်ရဲ့ စပိန်ဘာသာ သင်တန်းခန်းကို ဆင်းလာခဲ့ကြတယ်။ သည်အတန်းမှာ အခြားအတန်းတွေနဲ့ မတူဘဲ ယောက်ျားလေး၊ မိန်းကလေး ရောသင်တော့ ပိုစည်ကားတယ်။

ဆရာမမိုနစ်က အရပ်မြင့်မြင့်နဲ့ အာဖရိကအနောက်ပိုင်း ကင်မရွန်းနိုင်ငံသူ လူမည်းအမျိုးသမီး။ ဒီမြို့ကို သူ ရောက်လာတာ သုံးနှစ်ရှိပြီ။ ယောက်ျားကလည်း ကင်မရွန်းသား လူမည်းပဲ။ ကောလိပ်မှာ ဆရာအလုပ်ရလို့ ဆရာမက ပါလာတာ။ ဆရာမမိုနစ်က အလယ်တန်းမှာ စပိန်ဘာသာ သင်ပေးမယ့် မိခင်ဘာသာစကားရော စပိန်၊ ပြင်သစ်နဲ့ အင်္ဂလိပ်ဘာသာတွေပါ ကျွမ်းကျင်တယ်။ အဖေက ဆရာဝန် ဆိုတော့ သူ့ကို ငယ်ငယ်ကလေးတည်းက ဆွစ်ဇာလန် ပို့ပြီး ကျောင်းထားနိုင်ခဲ့တယ်။ အဲဒီမှာ သူ အီတလီရော၊ ဂျာမန်စာရော ငယ်ငယ်ကတည်းက ကျွမ်းခဲ့တာ။ စပိန်ရောက်သွားပြီး မက်ဒရစ်တက္ကသိုလ်မှာ ဘွဲ့ယူတော့ သူ အကျွမ်းဆုံးက စပိန်ဘာသာ ဖြစ်သွားတာပေါ့။ ခုလောလောဆယ် ရုရှားစာ သင်နေသတဲ့။ ပြီးရင် တရုတ်စာ ဆက်သင်ဦးမယ် ဆိုပဲ။ သူ့အခန်းထဲမှာ ရောမ ဆေးရောင်စုံ ကမ္ဘာ့မြေပုံကြီး ချိတ်ထားတယ်။ အတန်းသားတွေက သူတို့ဆရာမကို ကမ္ဘာအနှံ့ ရောက်ခဲ့ဖူးတယ်လို့ ယုံကြည်နေကြတယ်။ ဘာသာပေါင်းစုံ ပြောနိုင်နေတာကိုး။ ဆရာမက ခဏခဏ ပြောတယ်။ ကမ္ဘာကြီးက အကျယ်ကြီး တဲ့။ နိုင်ငံတနိုင်ငံမှာ ဘာသာစကား တမျိုးတည်း ပြောတာ မဟုတ်ဘူး တဲ့၊ ကလေးတွေကို စပိန်စာ သင်ပေးနေရင်း 'ဘာသာမျိုးခြား စာစကား၊ သင်ကြားသင့်သည် မှတ်' လို့လည်း မကြာမကြာ ပြောတတ်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သီအိုအမေကလည်း စပိန်ဘာသာကို နှစ်ပေါင်း နှစ်ဆယ် သင်ယူခဲ့ဖူးတော့ သူ့ကို မူကြိုမှာကတည်းက အသုံးများတဲ့ စကားလုံးတွေကို သင်ပေးတတ်တယ်။ အမေ့ အမူသည်တချို့က အမေရိကန် အလယ်ပိုင်းသူတွေ များတော့ စပိန်စကား မတတ်လို့ မရဘူးလေ။ အမေ့ ရုံးခန်းကို သူ ရောက်သွားလို့ သူတို့တွေနဲ့ ဆုံရင် သီအိုက စပိန်လို ဝင်ရောတဲ့အခါ သူတို့ သိပ်သဘောကျကြတယ်။ ဆရာမ မိုနစ်ကလည်း သူ့ကို ချီးကျူးတယ်။ တခြားဘာသာစကားတွေကို သိပ်နားယဉ်လွယ်တယ် တဲ့။ ဒီတော့ သီအိုကလေး ကြိုးစားချင်စိတ် ပိုများလာတယ်။

ဆရာမက သူ့အတန်းသားတွေကို ဂျာမန်စကားရော အီတလီစကားပါ ညှပ်ညှပ်ပြီး သင်ပေးတတ်တယ်။ တော်တဲ့ ကလေးတွေကို ဆရာမက အပိုဆုအဖြစ် အမှတ်ပေးတတ်တယ်။ သီအိုတို့ အတန်းထဲက ကောင်လေးတွေ ဆိုရင် ဘာသာစကား ခုနစ်မျိုးလောက်ကို မတောက်တခေါက် ပြောတတ်ကြတယ်။ သူတို့ထဲမှာ အတော်ဆုံးကတော့ အေရွန် ဆိုတဲ့ ကောင်လေး။ သူက အမေက စပိန်၊ အဖေက ဂျာမန်လေ။ သီအိုက သူ့ကို မီအောင် လိုက်ဖို့ အတတ်နိုင်ဆုံး ကြိုးစားတယ်။ ဆရာမောင့်ရဲ့ အတန်းပြီးရင် ဆရာမမိုနစ် အတန်းကို ကလေးတွေ စိတ်အဝင်စားဆုံးပဲ။

ဒီနေ့တော့ သီအိုတယောက် ဘယ်ဘာသာကိုမှ အာရုံ မဝင်စားနိုင်ဖြစ်နေတယ်။ သူ့စိတ်က ပေရယ့်လ် ဆီကိုချည်း ရောက်နေတယ်။ ခုလောက်ဆိုခမျာ သက်သေဝက်ခြံထဲကို ရောက်နေလောက်ပြီ။ ဒီအဖေနဲ့ ဒီအမေ ကြားထဲမှာ ပေရယ်လ်လေး မျက်ရည်စက်လက် ဖြစ်နေရှာတော့မယ်။ နှစ်ဖက်ရှေ့နေတွေနဲ့ တရားသူကြီးရဲ့ မေးခွန်းတွေကို ဘယ်ပုံဘယ်နည်းများ ဖြေနေရှာပါလိမ့်။ ပြီးတော့မှ ပေရယ့်လ်ကို ခေါင်းထဲက အတင်းဖယ်လိုက်ရတယ်။ သူ အာရုံစိုက်ရမှာက မနက်ဖြန် သွားနားထောင်ရမယ့် လူသတ်မှု။

အတန်းသား တော်တော်များများက ဘောလုံးပွဲ ကြည့်ဖို့ ရုပ်ရှင်လက်မှတ် ရဖို့ပဲ စဉ်းစားနေချိန်မှာ သီအိုကတော့ မနက်ဖြန် မြန်မြန် ရောက်ချင်လှပြီ။ နှစ်ဖက်ရှေ့နေတွေ အပြန်အလှန် လျှောက်လဲတာ နားထောင်ချင်လှပြီ။ နောက်တချိန်က ဆရာမ မစ္စဂါမန်ရဲ့ ဂဲသြမေထြီ အချိန်။ ဒီတချိန် ပြီးမှ ခဏနားပြီး ဆရာမောင့်ရဲ့ အတန်းကို ပြန်ဝင်ရမှာ။ သူတို့ အပျော်ဆုံးအတန်း။ သီအို သဘောအကျဆုံး ဘာသာရပ်။ ဆရာမောင့်က အသက်သုံးဆယ် ဝန်းကျင်ခန့်၊ ချီကာဂို

mgyoe.com

mgyoe.com SAMPLE BOOK

ရှောမဥပဒေလုပ်ငန်းစုကြီး တခုမှာ ရှေ့နေ ဝင်လုပ်ဖူးတယ်။ လက်ဖျားငွေသီး အလုပ်မျိုး။ ဒါပေမဲ့ ကလေးတွေကို စာသင်ရတာ ဝါသနာပါလို့ သည်ကျောင်းကို ရောက်လာရတာတဲ့။ ဒါပေမဲ့ သူ့ကိုယ်သူတော့ ရှေ့နေတယောက်လို့ပဲ ထင်နေဆဲ။ သူက စာသင်ခန်းကို တရားရုံးခန်းထက် ပိုအရေးကြီးတယ်လို့ ယုံကြည်တယ်။

ဥပဒေကျွမ်းပြီးသားမို့ သူ သင်ရတဲ့ ဘာသာရပ်နဲ့ ဟပ်နေရောပဲ။ တီဗွီမှာ လာတဲ့ အမှုအခင်းတွေ၊ အရပ်ထဲမှာ ခေတ်စားနေတဲ့ တရားစွဲမှု အငြင်းပွားမှုတွေ ကိုလည်း ကလေးတွေနဲ့ ယှဉ်ပါးအောင် သင်ကြားပေးတယ်။

"ကဲ… ရဲဘော်တို့"

အားလုံး ကိုယ့်နေရာကိုယ် ဝင်ထိုင်ပြီးတာနဲ့ ဆရာက သူ့ တပည့်တွေ ကို ဒီလိုပဲ ခေါ်တတ်တယ်။ ဆယ့်သုံးနှစ်အရွယ် ကျောင်းသားလူငယ်တွေကို တလေး တစား ဆက်ဆံတဲ့ သဘောပါ။

"မနက်ဖြန် မင်းတို့အားလုံး ရှစ်နာရီ ဆယ့်ငါးမှာ အတန်းထဲ အရောက် လာကြပါ။ ဘတ်စ်တစီး ငှားပြီး တရားရုံးကို သွားမယ်။ အဲဒီနေရာကို အချိန်မီ ရောက်အောင် သွားကြမယ်။ ဒါ ဆရာတို့ရဲ့ လေ့လာရေးခရီးပဲ။ ကျောင်းအုပ်ကြီး ကို ဆရာ ခွင့်တောင်းထားပြီးပြီ။ နေ့လယ်စာ အပြင်မှာ စားမယ်။ ပိုက်ဆံ ယူခဲ့ကြ ပါ။ အားလုံး ရှင်းတယ်နော်၊ မေးစရာ ရှိသေးလား"

အားလုံး စိတ်လှုပ်ရှားမှု အပြည့်နဲ့ တက်ကြွနေကြတယ်။

"လွယ်အိတ်တွေ ယူခဲ့ရမှာလား ဆရာ"

တယောက်က ထမေးတယ်။

"မယူခဲ့နဲ့၊ တရားရုံးကို ဘာအိတ်မှ ယူမသွားရဘူး။ လုံခြုံရေး အင်မတန် တင်းကျပ်တာ။ ဒီလူသတ်မှုဟာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံး အမှု ဆိုတော့ ပိုတင်းကျပ်မှာပဲ။ ဘာမေးဦးမလဲ"

"ကျွန်တော်တို့ ဘယ်လို ဝတ်ခဲ့ရမလဲ ဆရာ"

ဆရာအပါအဝင် အတန်းသားအားလုံး သီအို့ကို ဝိုင်းကြည့်လိုက်ကြ တယ်။ သူက တရားရုံးကို အမြဲတမ်း သွားတတ်သူ။ ရှေ့နေတွေနဲ့ အပေါင်း အသင်း များတဲ့သူ။ ဆရာမောင့်က ဝင်မေးလိုက်တယ်။

"ကုတ်အင်္ကျီနဲ့ လည်စည်းနဲ့ ဝတ်ခဲ့ရမလား သီအို"

"မလိုဘူး ဆရာ၊ ကျွန်တော်တို့ ဒီအတိုင်း ကျောင်းဝတ်စုံနဲ့ သွားရုံပါပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"အေး... ကောင်းတယ်၊ ကောင်းတယ်။ ဆရာ့အနေနဲ့ သီအိုကို တခု မေးချင်တယ်။ အတန်းသားတွေကို တို့ သွားနားထောင်မယ့် အမှုအကြောင်းရယ်၊ မြို့နယ် တရားရုံးအကြောင်းရယ် မင်း ပြောပေးပါလား"

သီအိုက ထပြီး သူ့ လက်တော့ပ်ကြိုးကို ရုပ်ရှင်ပြစက်နဲ့ သွားဆက်လိုက်တယ်။ ပြီးတာနဲ့ သူ ခလုတ်တွေ လျှောက်နှိပ်တော့ နံရံပေါ်မှာ မြင်ကွင်းဖြူ ပေါ်လာတဲ့အခါ ခလုတ်တွေ ဆက်နှိပ်ပြီး တခုချင်း ရှင်းပြတယ်။ သူ့လေသံက ပီဘိရှေ့နေတယောက်ရဲ့ လေသံမျိုး။ လေဆာပွိုင်တာနဲ့ ထိုးပြရင်း....

"အဲဒါက တရားရုံးခန်းမ။ အမြင့်ဆုံးတနေရာရဲ့ အလယ်စားပွဲက တရားသူကြီး ထိုင်မယ့် စားပွဲ။ အဲဒီနေရာကနေပြီးတော့ တရားခွင်ကို သူက ထိန်းမှာ။ ထိုင်ခုံကြီးက ဘုရင်တွေထိုင်တဲ့ ပလ္လင်အတိုင်းပဲ။ တရားသူကြီးရဲ့ နာမည်က ဟင်နရီ ဂန်ထရီ တဲ့"

နောက်ခလုတ်တခု နှိပ်ပြီး ပေါ်လာတဲ့ ပုံကြီးတပုံကို လေဆာပွိုင်တာ နဲ့ သေသေချာချာ ထောက်ပြကာ တရားသူကြီးကို အတန်းနဲ့ မိတ်ဆက်ပေး တယ်။

"တရားသူကြီး ဂန်ထရီဟာ ရာဇဝတ်မှုတွေပဲ ကိုင်တယ်။ သူ့လုပ်သက် အနှစ်နှစ်ဆယ် ရှိပြီတဲ့"

လေဆာပွိုင်တာရဲ့ အနီစက်ကလေးက တရားရုံးခန်းမရဲ့ အလယ်ကောင် ကို ရောက်သွားတယ်။

"ဒါက တရားခံ ထိုင်ရမယ့် ခုံ၊ လူသတ်မှုနဲ့ အစွဲခံထားရတဲ့ မစ္စတာဒတ်ဖီ ထိုင်ရမယ့် နေရာပေါ့"

ပြီးတော့ နံရံပေါ်မှာ သတင်းစာပုံကြီး ပေါ်လာတယ်။ အဲဒီပုံ တနေရာကို ထောက်ပြပြီး...

"အဲဒါ မစ္စတာ ဒတ်ဖီပဲ။ အသက် လေးဆယ့်ကိုးနှစ်။ အခု အသတ်ခံရတဲ့ မစ္စစ်ဒတ်ဖီရဲ့ ယောကျ်ား။ တရားခံဟာ သူပါပဲလို့ တရားလိုရှေ့နေဘက်က စွပ်စွဲထားတယ်"

သီအိုက သတင်းစာပုံကို ချုံ့ပစ်လိုက်ပြီး တရားလိုဘက်က စားပွဲကို ပွိုင်တာနဲ့ ထောက်ပြပြန်တယ်။

"တရားခံရှေ့နေက မစ္စတာ ကလစ်ဖို့ဒ်နန့်စ်။ နာမည်ကြီး ရာဇဝတ်မှု တရားလို ရှေ့နေကြီးပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ပြုံးနေသည့် တရားလိုရှေ့နေကြီးပုံကို အကြီးချဲ့ပြတယ်။ ဝတ်ရုံနက်ကြီးနဲ့ ဆံပင်ဖြူ ရှည်ရှည်တွေက ခေါင်းပေါ်မှာ အလိှုင်းလိှုင်း ထလို့၊ တခါ သူ့ပုံကိုလည်း ချုံ့ပစ်လိုက်ပြီး...

"တရားလိုရှေ့နေ စားပွဲရဲ့ နောက်က အစိုးရရှေ့နေ။ သူ့နာမည်က ဂျက်ဟိုဂန် တဲ့"

ဟိုဂန့် ပုံကိုလည်း ချုံ့လိုက်ပြီး တရားခံရှေ့နေပုံနဲ့ သွားယှဉ်ထားလိုက်တယ်။ ကျောင်းသားတယောက်က လှမ်းမေးတယ်။

"မင်း အဲဒီပုံတွေ ဘယ်က ရတာလဲ"

"ရှေ့နေများကောင်စီက တရားသူကြီးတွေ၊ ရှေ့နေတွေရဲ့ ပုံကို အမြဲ ထုတ်ပေးတယ်လေ"

သီအို ပြန်ဖြေလိုက်တယ်။

"အဲဒီအထဲမှာ မင်းပုံ ပါလား"

အတန်းထဲက ရယ်သံသဲ့သဲ့ ထွက်လာတယ်။

"ဟာ... ဘယ်ကလာ၊ နှစ်ဖက်စလုံးရဲ့ လက်ထောက်ရှေ့နေတွေရဲ့ ပုံတွေ ပါလာဦးမှာ။ အဲဒီစားပွဲတွေမှာတော့ လူအပြည့်ပဲ၊ တရားခံရှေ့နေအုပ်စုရဲ့ ရှေ့ကုလားထိုင်တွေက ဂျူရီလူကြီးတွေရဲ့ နေရာ။ အားလုံး ကုလားထိုင် ဆယ့်လေးလုံး။ ဆယ့်နှစ်လုံးက ပုံမှန်ဂျူရီလူကြီးတွေ အတွက်။ နှစ်လုံးက အရန်။ စီရင်ချက်ကို ဂျူရီလူကြီးအားလုံး သဘောတူရမယ်။ ဒီအမှုအတွက် ဂျူရီတွေ ပြီးခဲ့တဲ့ အပတ်ကမှ ရွေးပြီးသွားပြီ။ အဲဒီရွေးပွဲ ကြည့်ရတာ သိပ်ပျင်းစရာ ကောင်းတာ"

ပွိုင့်တာကလေးကို တရားသူကြီးရဲ့ ရှေ့ခုံမှာ ထိုးပြီး...

"အဲဒါက တရားရုံး သတင်းထောက် အမျိုးသမီးရဲ့ နေရာ။ သူ့မှာ လက်ရေးတိုစက် ရှိတယ်။ စတီနိုဂရပ်ဖ်လို့ ခေါ်တယ်။ လက်နှိပ်စက်နဲ့ ခပ်ဆင်ဆင်ပါပဲ။ သူ့အလုပ်က တရားရုံးမှာ ထွက်ဆိုသမျှ အားလုံး မှတ်တမ်းတင်တယ်။ တော်တော် မလွယ်တဲ့ ကိစ္စ။ ဒါပေမဲ့ သူ လုပ်နိုင်တယ်။ နောက်ကျတော့ အချောရိုက်ပြီး ရှေ့နေတွေနဲ့ တရားသူကြီးကို ဝေပေးရတယ်။ အဲဒါတွေဟာ တရားရုံးရဲ့ တရားဝင် မှတ်တမ်းတွေပဲ။ တချို့ တရားခွင်တွေမှာ စာမျက်နှာ ထောင်ချီ ရှိတယ်"

လေဆာပွိုင်တာကလေး ရွေ့သွားပြန်တယ်။

"ဟောဒီ တရားရုံး သတင်းထောက်ဘေး တရားသူကြီးရှေ့ ဝက်ခြံထဲက

mgyoe.com

mgyoe.com

ခုံက သက်သေအတွက် ထိုင်ခုံ။ အဲဒီနေရာမှာ ရပ်ပြီး ကျမ်းကျိန်ရတယ်။ ပြီးမှ ထိုင်တယ်"

"တို့က ဘယ်အနားမှာ ထိုင်ရမှာလဲ"

ပွိုင်တာကလေး အလယ်တနေရာကို ထောက်ပြပြီး...

"အဲဒီ တားထားတဲ့ ဝက်ခြံအပြင်ဘက်မှာ တရားရုံးပရိသတ် ထိုင်ရတယ်။ အားလုံး ခုံဆယ်တန်း ရှိတယ်။ လူအများကြီး ဆံ့တယ်။ ဒါပေမဲ့ ဒီနေ့အမှုလို အမှုမျိုးမှာတော့ မဆံ့ဘူး။ ဒါကြောင့် ဟိုအပြင်က ဝရန်တာမှာပဲ တို့ နေရာရတာပေါ့၊ ဒါပေမဲ့ မပူကြနဲ့။ အားလုံး မြင်ရ ကြားရတယ်"

ဆရာမောင့်က...

"ကဲ.... ဘာမေးစရာ ကျန်သေးလဲ"

ကလေးတွေက ပုံတွေကို လှမ်းကြည့်ပြီး တယောက်က မေးတယ်။

"တရားရုံးထဲမှာ ဘယ်သူက အရင်ဆုံး ဝင်ရသလဲ"

သီအိုက အတန်းရှေ့မှာ ထွက်ပြီး လမ်းလျှောက်ရင်း...

"တရားခံ အပြစ်ရှိတယ်လို့ သက်သေပြမယ့် တရားလိုရှေ့နေအဖွဲ့ အရင်ဆုံး ဝင်ရတယ်။ မနက်ဖြန် မနက်မှာ အဲဒီ စွဲချက်တင်မယ့် အစိုးရရှေ့နေက အရင်ဆုံး ဂျူရီအဖွဲ့ ရှေ့ကို လျှောက်သွားပြီး စွဲချက်ကို ဖတ်ပြရမယ်။ အဲဒါဟာ အဖွင့်မိန့်ခွန်းပဲ၊ သူက အမှုသွား အမှုလာကို ချပြမယ်။ အဲဒီမှာ တရားခံရှေ့နေက ပြန်ပြီး တုံ့ပြန် ချေပရမယ်။ ပြီးတော့မှ တရားရုံးက သက်သေတွေ စခေါ်မယ်။ အားလုံး သိတဲ့အတိုင်း မစ္စတာဒတ်ဖီကို အပြစ်မရှိဘူးလို့ ထင်နေကြတယ်။ အဲဒီမှာ အစိုးရရှေ့နေက အပြစ်ရှိတဲ့အကြောင်း သက်သေပြရမယ်။ အဲဒီအပိုင်းက တကယ့်အဖြစ်နဲ့ ဝေးကွာနေတတ်တယ်။ သူတို့ စွဲချက်တင်တဲ့ တရားခံ ရှစ်ဆယ်ရာခိုင်နှုန်းလောက်ဟာ အပြစ်မရှိဘူးလို့ ငြင်းဆိုကြတယ်။ တကယ်တော့ သူတို့ကိုယ်တိုင် အပြစ်ကျူးလွန်ထားတဲ့ လူတွေ။ နှစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ တရားစွဲခံရတယ်။ သူတို့အထဲမှာ ကိုးဆယ် ရာခိုင်နှုန်းလောက်ပဲ အပြစ်ဒဏ် ကျခံရတဲ့ သူတွေ"

ဘရိုင်ယန်က...

"ငါ့အဖေကတော့ တရားခံမှာ အပြစ်ရှိတယ်လို့ ထင်နေတယ်"

"အဲဒီလို ထင်တဲ့ လူတွေ အများကြီးပါ"

"မင်း အမှု ဘယ်နှမှုလောက် သွားနားထောင်ပြီးပြီလဲ သီအို"

"မမှတ်မိဘူး၊ ဒါဇင်ချီပြီး ရှိလိမ့်မယ်"

mgyoe.com

mgyee.com SAMPLE BOOK

ကျန်တဲ့ ကလေးဆယ့်ငါးယောက်စလုံး တရားရုံးကို မရောက်ဖူးကြဘူး။ ဒီတော့ သီအိုဲ ပြောတာကို မယုံနိုင်လောက်အောင် ဖြစ်နေကြတယ်။ သီအိုက ဆက်ပြီး....

"မင်းတို့အားလုံး တီဗွီထဲမှာ တွေ့နေကျ တရားခွင်လို မီးရှူးမီးပန်း လွှတ်တာမျိုးတွေတော့ တွေ့ရမှာ မဟုတ်ဘူး။ တကယ့် တရားခွင်က တမျိုး။ သိပ် ရင်ခုန်စရာလဲ မကောင်းဘူး။ ဘွားခနဲ ပေါ်လာတဲ့ သက်သေမျိုးလဲ မင်းတို့ တယောက်မှ တွေ့ရမှာ မဟုတ်ဘူး။ ရုပ်ရှင်တွေထဲမှာလို ဖြုန်းစားကြီး တရားခံက ဖြောင့်ချက်ပေးတာမျိုးလဲ မင်းတို့ တွေ့ရမှာ မဟုတ်ဘူး။ ရှေ့နေအချင်းချင်း ဆွဲထိုးတဲ့ အခန်းမျိုးလဲ တကယ့်တရားရုံးမှာ မရှိဘူး။ ဒီအမှုမှာ လူသတ်မှုကို မျက်မြင် သက်သေ တယောက်မှ မရှိဘူး။ အစိုးရရှေ့နေ တင်ပြတဲ့ သက်သေအားလုံး လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ သက်သေ တယောက်မှ မပါဘူး။ တရားခံရှေ့နေ ကလစ်ဖို့ဒ်နန့်စ်က အဲဒါနဲ့ ကိုင်လိမ့်မယ်။ အစိုးရဘက်က တင်ပြတဲ့ သက်သေနဲ့ သက်သေခံပစ္စည်း အားလုံး တခုမှ အခိုင်အမာ မရှိဘူးလို့ ချေပလိမ့်မယ်"

တယောက်က ထောက်ခံတယ်။

"အေး... ငါလဲ အဲဒီလိုပဲ ထင်တယ်"

"အဓိပ္ပာယ်က အဲဒီသက်သေမျိုးကို သွယ်ဝိုက်သက်သေလို့ ခေါ်တယ်။ ဥပမာ ဆိုပါတော့ကွာ၊ မင်း ကျောင်းကို စက်ဘီးနဲ့ လာတယ် မဟုတ်လား"

"ဟုတ်တယ်"

"အလံတိုင်နားက စက်ဘီးတန်းမှာ မင်း သော့ခတ်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဟုတ်ပြီ၊ တကယ်လို့ ကျောင်းဆင်းတဲ့ အချိန်မှာ မင်း စက်ဘီး အဲဒီ နေရာမှာ မရှိတော့ဘူး ဆိုပါတော့။ သော့ဖျက်ပြီး ခိုးသွားတာပေါ့ကွာ။ သူခိုးကို ဘယ်သူမှ မမြင်လိုက်ဘူး။ အဲဒါမျိုးကို မျက်မြင်သက်သေ မရှိဘူးလို့ ခေါ်တာ။ အဲ... နောက်တနေ့မှာ ရဲက မင်း စက်ဘီးကို အပေါင်ဆိုင်မှာ တွေ့တယ် ဆိုပါတော့။ အပေါင်ဆိုင်က လာရောင်းသွားတဲ့ လူရဲ့ နာမည် ရဲကို ပြောမယ်၊ ရဲက စက်ဘီးခိုး နေကျ သူခိုးကို ဆွဲမယ်။ မင်းက အမှုဖွင့်မယ် ဆိုပါတော့၊ မင်းမှာ သွယ်ဝိုက်သက်သေ ပဲ ရှိမယ်၊ မျက်မြင်သက်သေ မရှိဘူး"

အတန်းပိုင်ဆရာမောင့် ကိုယ်တိုင် ခေါင်းတညိတ်ညိတ် ဖြစ်လာတယ်။

mgyee.com

mgyoe.com SAMPLE BOOK

ဆရာက ရှစ်တန်းအားလုံးရဲ့ စကားရည်လုပွဲ ဥက္ကဋ္ဌ။ သီအိုကို ကြည့်ပြီး သဘောကျလို့မဆုံး ဖြစ်နေတယ်၊ သူ့တပည့်တွေထဲမှာ သီအိုဒိုတွန်းလောက် ထက်တဲ့ကလေး တယောက်မှ သူ မတွေ့ဖူးသေးဘူး။

ဆရာမောင့်က..

"ကျေးဇူးတင်ပါတယ် သီအို၊ ပြီးတော့ တတန်းလုံးကို နေရာရအောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အတွက်လဲ ဂုဏ်ယူပါတယ်"

"ရပါတယ် ဆရာ၊ ကျွန်တော် သိပ်အားမစိုက်ရပါဘူး"

သီအိုက ပြောပြီးတာနဲ့ သူ့ခုံဆီကို ခပ်ကြွားကြွားလေး ပြန်လျှောက်သွားတယ်။ သူတို့အတန်းက လူရည်ချွန်တဲ့ ကလေးတွေ များတယ်။ ဂျပ်စတင်က အားကစားမှာ ထိပ်ဆုံး။ ဒါပေမဲ့ ရေကူးမှာ ဘရိုင်ယန်ကို မမီဘူး။ တင်းနစ်နဲ့ ဂေါက်သီး ရိုက်တဲ့နေရာကျတော့ ရီကာဒိုက ထိပ်ဆုံးက။ အက်ဒ်ဝဒ်က တယော ကြီး ထိုးတဲ့ နေရာမှာ အတော်ဆုံး။ ဂူဒီက လျှပ်စစ်ဂစ်တာသမား။ ဒါရန်က ဒရမ်မာ။ ဂျားဗစ်က ထရံမ်းပက်။ ဂျိုဝီက အတန်းထဲမှာ စာအတော်ဆုံး။ ချေ့စ်က သိပ္ပံသမား။ ခေတ်ခွဲခန်းထဲမှာ ညအိပ်ချင်တဲ့ ကောင်မျိုး။ အေရွန်က အမေ့သား ဆိုတော့ စပိန် ဘာသာမှာ ထိပ်ဆုံး။ အဖေက ဂျာမန်မို့ ဂျာမန်ဘာသာမှာလဲ တော်တယ်။ ထူးဆန်းတာက အင်္ဂလိပ်စာမှာလဲ ထိပ်ကပဲ။ ဘရင်ဒန်က စတော့ရှယ်ယာမှာ အမြဲ ထိပ်ဆုံးက။ သူ့ကို သန်းကြွယ်သူဌေးလောင်း ဆိုပြီး အချင်းချင်း နောက်ကြတယ်။ ဥပဒေနဲ့ ပတ်သက်လို့ ဆရာမောင့် အားကိုးရမယ့် ကျောင်းသားကတော့ သီအိုပေါ့လေ။

*

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၃ )

ပတ်လမ်းပေါ်မှာ ရှိတဲ့ ဘွန်းမိသားစုရဲ့ ဥပဒေလုပ်ငန်းရုံးက အိမ်ခန်းနဲ့ တွဲထားတယ်။ ဆယ်မိနစ်လောက် လျှောက်ရင် တရားရုံးကို ရောက်တယ်။ တလမ်းလုံး ရှေ့နေရုံးခန်းတွေ၊ ဗိသုကာရုံးခန်းတွေနဲ့ စာရင်းကိုင်ရုံးခန်းတွေ၊ အင်ဂျင်နီယာ ရုံးခန်းတွေ လက်ညှိုးထိုး မလွဲဘူး။

'ဘွန်း မိသားစု' ရုံးခန်းမှာ မစ္စတာဘွန်းနဲ့ မစ္စစ်ဘွန်းတို့ရဲ့ ရုံးခန်းတွေ ရှိတယ်။ သူတို့လင်မယားဟာ အစုစပ်တွေလည်း ဖြစ်တယ်။ သီအိုအဖေ မစ္စတာဘွန်းက ငါးဆယ် မပြည့်သေးပေမယ့် အရွယ်က အိုစာနေတယ်။ သူ့ရဲ့ ရှေ့နေနာမည်က ဝုဒ်(စ်)။ တိုက်ဂါးဝုဒ်စ်က ဂေါက်သီးသမား၊ ဂျိမ်းစ်ဝုဒ်စ်က ရုပ်ရှင်မင်းသား။ ဒါကြောင့် သူ့အဖေ နာမည်ကို သီအို သိပ်သဘောကျတယ်။

ဝုဒ်စ်ဘွန်းကို သီအိုက အမြန်ခေါ်တဲ့အခါ ဝုဒ်စပွန်း ဖြစ်သွားတတ်တယ်။ အဓိပ္ပာယ် ရှာကြည့်တော့ သစ်သားနဲ့ လုပ်ထားတဲ့ ဇွန်း ဖြစ်နေတယ်။ ဒါပေမဲ့ သစ်သားဇွန်း ဆိုတဲ့ နာမည်စာလုံး မရှိပါဘူး။ ဘာလို့ အသေးအဖွဲ့တွေကို စဉ်းစားနေမလဲလို့ သီအို သူ့ကိုယ်သူ သတိပေးလိုက်တယ်။ ဒါပေမဲ့ သူ့အဖေ ရုံးခန်းရှေ့က ဆိုင်းဘုတ်ကို မြင်တိုင်း သစ်သားဇွန်းကို မျက်စိထဲ မြင်လာတတ်တယ်။

သူ့ရုံးခန်းက ဒုတိယအထပ်မှာ။ လှေကားအိုကြီးကို ကော်ဇောဟောင်းကြီး ခင်းထားတဲ့ ရုံးခန်းက သူ့ တခန်းတည်း။ မသေမသပ်နဲ့ ခပ်စုတ်စုတ်မို့ ပထမထပ်က

mgyoe.com

အမျိုးသမီးရှေ့နေတွေက သူ့ကို ပထုတ်လိုက်ကြတာ အကြောင်းနှစ်ခု ရှိတယ်။ တခုက သူ့အဖေက အဝတ်အစား ဖိုသီဖတ်သီနဲ့ ဖြစ်သလို ဝတ်တတ်တယ်။ နောက်တခုက သူ့ရုံးခန်း။ ရုံးခန်းကလည်း သူ့ အတိုင်းပဲ။ ဒါပေမဲ့ သီအိုကတော့ သဘောကျတယ်။ နောက်တခုက သူ ဆေးတံသောက်လို့ပဲ။ သူ့အခန်းထဲမှာ အမြဲ ဆေးတံအငွေ့တွေနဲ့ လှိုင်နေတတ်တယ်။ ဒါပေမဲ့ သီအိုက မမှုဘူး။ အဖေ့ ကျန်းမာရေးအတွက်လည်း တွေးမပူတတ်ဘူး။ မစ္စတာဘွန်း ကိုယ်တိုင်လည်း ကျန်းမာရေးကို သိပ်ဂရုမစိုက်ဘူး။ လေ့ကျင့်ခန်းတော့ လုပ်ပါရဲ့။ ဒါပေမဲ့ မဖြစ်စလောက်။ အလုပ်ကို ကြိုးကြိုးစားစား လုပ်တယ်။ ဒါပေမဲ့ တခြားရှေ့နေတွေလို ပြဿနာကို အိမ်ယူမလာဘူး။ သီအို့ အမေလိုပေါ့။ ဒီနေရာမှာ ရှေ့နေ တော်တော်များများနဲ့ သူနဲ့ မတူကြဘူး။

တကယ်တော့ မစ္စတာဘွန်းဟာ အိမ်ခြံမြေရှေ့နေ ပီသတဲ့ လူစားမျိုး။ သီအို့ အမြင်မှာတော့ ရှေ့နေလောကမှာ ပျင်းစရာ အကောင်းဆုံး အလုပ်လို့ သူ ထင်တယ်။ သူ့အဖေဟာ တရားရုံးကို တခါမှ မရောက်ဖူးဘူး။ တရားသူကြီးတယောက် ရှေ့မှာလည်း ဘယ်တုန်းကမှ လျှောက်လဲချက် မပေးခဲ့ဖူးဘူး။ အလားတူပဲ ဂျူရီ လူကြီးတွေနဲ့ စကားပြောဖူးဖို့ ဆိုတာ ဝေလာဝေး။ ရုံးခန်းထဲမှာပဲ တကုပ်ကုပ် အလုပ်လုပ်နေတဲ့ လူစားမျိုး။ သူ့ကိုယ်သူ 'ရုံးထိုင်ရှေ့နေ' လို့ ပြောတတ်တယ်။ သူ့ကိုယ်သူ ပေးတဲ့ ရာထူးနဲ့ သူ့ဘာသာ ကျေနပ်နေတတ်တယ်။ သီအိုက သူ့အဖေကို အရမ်းချစ်တယ်။ ဒါပေမဲ့ သူ့ဘဝကို အဖေ့လို ရုံးခန်းထဲမှာပဲ အချိန်ကုန်ဖို့ စိတ်မကူးဘူး။ ဟင့်အင်း... အဖေ့လိုတော့ ရုံးခန်းထဲမှာ တကုပ်ကုပ် မနေနိုင်ဘူး။ သီအိုက တရားရုံးချုပ်ကို ဦးတည်ထားတဲ့ လူငယ်မျိုး။

ဒုတိယအထပ်မှာတော့ အဖေ့ရုံးခန်း တခန်းပဲ ရှိတယ်။ ရုံးခန်းက အကျယ်ကြီး။ နံရံနှစ်ဖက်က စာအုပ်စင်မှာ စာအုပ်တွေ အပြည့်။ နောက်တဖက်မှာ ဝုဒ်စ်မျိုးရိုးစဉ်ဆက် တလျှောက်လုံးရဲ့ ဓာတ်ပုံကြီးတွေ။ တချို့က နိုင်ငံရေးသမားတွေနဲ့ လက်ဆွဲ နှုတ်ဆက်နေတဲ့ပုံ။ တချို့ပုံတွေက ရှေ့နေကောင်စီ အစည်းအဝေးခန်းမထဲက ပုံတွေ။ ရှေ့နေတွေရဲ့ ရုံးခန်း တော်တော်များများကို သီအို ရောက်ဖူးတယ်။ ရုံးခန်းတိုင်းဟာ ဆူညံပြီး သူ့အဖေ ရုံးခန်းလိုပဲ နံရံမှာ ဓာတ်ပုံတွေ၊ ဆုတံဆိပ်တွေ၊ ကလပ်အသင်းဝင် လက်မှတ်တွေ ချိတ်ထားကြတာ တွေ့ရတယ်။ အမေက ဒါကို ကြိုက်ပုံ မရဘူး။ အဲဒါ လူကြွားတွေရဲ့ အလုပ်လို့ ပြောတတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အမေ့ ရုံးခန်းမှာ အဲဒီလို ဓာတ်ပုံတွေ ဘာတခုမှ မရှိဘူး။ အဓိပ္ပာယ်ကောက်ရ ခက်တဲ့ မော်ဒန်ပန်းချီကားတချို့ ချိတ်ထားတာပဲ တွေ့ရတယ်။

သီအိုက တံခါးခေါက်ပြီး တွန်းဝင်သွားတယ်။ ကျောင်းဆင်းရင် အဖေနဲ့ အမေ ရုံးခန်းကို ဝင်နှုတ်ဆက်နေကျ။ အဖေနဲ့ အမေကလည်း ဒီအချိန်ဆို သူ့ကို မျှော်နေတတ်ကြတယ်။ အလွန့်အလွန် အလုပ်မများရင် သီအိုဘက်က ဒီဝတ်ကို ပျက်ခဲတယ်။ စာရွက်တွေ၊ ဖိုင်တွဲတွေ ပုံနေတဲ့ ရှေးဟောင်းစားပွဲကြီးမှာ အဖေ တစ်ယောက်တည်း ထိုင်နေတာ တွေ့ရတယ်။ အဖေ့ ရုံးခန်းထဲမှာ ဆေးလိပ်နံ့ အမြဲမွှေးနေတယ်။ ... ဆိုပြီး ...

“ဟဲလို... ဖေဖေ”

သီအိုက နှုတ်ဆက်ပြီး ကုလားထိုင်တလုံးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်တယ်။

“ကျောင်းမှာ အေးဆေးပဲလား”

နေ့တိုင်း မေးနေကျ အဖေ့မေးခွန်း။

“အေးဆေးပါပဲ ဖေဖေ။ မနက်ဖြန် တရားရုံးချုပ်ကို လေ့လာရေးခရီး ထွက်ဖို့ ကျောင်းအုပ်ကြီးက သဘောတူလိုက်တယ်။ ဒီမနက် တရားသူကြီး ဂန်ထရီနဲ့ သွားတွေ့ပြီး ဝရန်တာမှာ ထိုင်ခုံရဖို့ သွားပြောတာ အဆင်ပြေခဲ့တယ်”

“အေး.... ကောင်းတယ်၊ ကောင်းတယ်။ သား ကံကောင်းတာပေ့ါ။ မြို့ရဲ့ တဝက်လောက် သွားနားထောင်ကြမှာကွ”

“ဖေဖေကော မသွားဘူးလား”

“ဖေဖေလား... မသွားနိုင်ပါဘူးကွာ”

ပြောပြီး စားပွဲပေါ်က စာရွက်ပုံကြီးကို လက်ညှိုးထိုးပြတယ်။ အဖေ နဲ့ အမေ ပြောနေသံကို သီအို နားစွန်နားဖျား ကြားတယ်။ အလုပ်တွေ ဒါလောက် များနေတာ တရားရုံးကို ဘယ်သွား နားထောင်နိုင်ပါ့မလဲ ဆိုတဲ့ သဘော။ တကယ် လည်း သူတို့ အလုပ်နဲ့ သူတို့ ရှုပ်နေကြတာပါ။ တခြား အမှုကိစ္စကို စိတ်ဝင်စားချိန် မရှိပါဘူး။ ဒါပေမဲ့ သီအို သိနေတယ်။ တမြို့လုံး စိတ်ဝင်စားနေတဲ့ ဒီအမှုကို သူတို့ နှစ်ယောက်လည်း သွားနားထောင်ချင်မှာတော့ အမှန်ပဲ။

သီအိုက မေးလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒီအမှုကို စစ်တာ ဘယ်လောက်ကြာမလဲ ဖေဖေ"

"အရပ်ထဲမှာ ပြောနေကြတာတော့ တပတ်လောက် ကြာမယ် တဲ့"

"သားတော့ နေ့တိုင်း သွားနားထောင်ချင်တယ်"

"စိတ်ကူးမယဉ်နဲ့ သီအို၊ အဖေ တရားသူကြီး ဂန်ထရီကို ပြောထားပြီးပြီ။ ကျောင်းချိန်မှာ မင်း တရားရုံး ရောက်လာရင် အရေးယူဖို့ အချုပ်ထဲ ဖမ်းထည့်ဖို့ ဂန်ထရီက ဘီးလစ်စာရေးကြီးကို အမိန့်ပေးထားပြီ။ မင်းကို ဖေဖေ အာမခံ လာမထုတ်ဘူးနော်။ အဲဒီမှာအရက်သမားတွေ၊ လမ်းသရဲတွေနဲ့ မင်း အတူနေပေတော့"

ပြောပြီး မစ္စတာဘွန်းက ဆေးတံ ကောက်ညှိတယ်။ မီးစွဲတာနဲ့ အဆက်မပြတ် ဖွာတော့တာပဲ။ သားအဖနှစ်ယောက် တယောက်ကို တယောက် စိုက်ကြည့်နေကြတယ်။ သူ့ဖေဖေ နောက်နေတာလို့ သီအို ပထမ ထင်လိုက်တယ်။ ဒါပေမဲ့ သူ ပြောပုံက ခပ်တည်တည်။ သူနဲ့ တရားသူကြီး ဂန်ထရီက သူငယ်ချင်းတွေလေ။

"ဖေဖေ နောက်နေတာလား ဟင်"

နောက်ဆုံး သီအို ဖွင့်မေးလိုက်တော့တယ်။

"တဝက်က အမှန်အတိုင်းပြောတာ သီအို၊ ဂန်ထရီကို ပြောထားတာ အမှန်ပဲ။ ဒါပေမဲ့ အချုပ်ထဲ ရောက်ရင်တော့ ဖေဖေ လိုက်ထုတ်မှာပါ"

သီအို စဉ်းစားပြီးသား။ တရားသူကြီး မမြင်နိုင်တဲ့ နေရာက ခိုးနားထောင်မှာပေါ့။ ကျောင်းက လစ်ဖို့ကလည်း ဘာခက်တာ မှတ်လို့။

အဖေက သူ့ကို နှင်ပါလေတော့တယ်။

"ကဲ... သွားတော့၊ အိမ်စာတွေ ပြီးအောင် လုပ်နော်"

"ဟုတ် ဖေဖေ၊ နောက်မှ တွေ့မယ်နော်"

အောက်ထပ်ရုံးခန်းရှေ့မှာ မိန်းမကြီးတယောက် စောင့်နေတယ်။ သူ့အရွယ်က ရုံးခန်းကြီးလိုပဲ အိုလှပြီ။ သူ့ရှေ့နာမည်က 'အယ်လ်ဆာ'။ နောက်နာမည်က 'မီလာ' ။ သူ့အသက်ကို မှန်းရအခက်သား။ အမျိုးသမီးကြီးက သူ့ကို 'အယ်ဆာ' လို့ ခေါ်ရင် သဘောကျတယ်။ ဆယ့်သုံးနှစ်သားကလေးက ခေါ်လည်း သူ သဘောကျတာပဲ။ ဘွန်းမောင်နှံရဲ့ ရုံးမှာ သူ လုပ်လာတာ သီအို မမွေးခင်ကတည်းက တဲ့။ သူက လက်ရေးတိုစာရေးလည်း လုပ်တယ်၊ အတွင်းရေးမှူးလည်း လုပ်တယ်။ မန်နေဂျာဆိုလည်း သူပဲ။ တချို့ကိစ္စတွေမှာ သီအို့ အဖေနဲ့အမေ မသိလိုက်ဘဲ သူ ဖြတ်လိုက်တာတွေတောင် ရှိတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘွန်းမိသားစု သုံးယောက်အတွက်တော့ အယ်လ်ဆာဟာ တကယ့် အရေးပါတဲ့ နေရာမှာ ရှိနေပါတယ်။ သီအိုက သူ့ကို သူငယ်ချင်းလို သဘောထား တယ်။ ပြီးတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်။ သူ့စားပွဲရှေ့မှာ ရပ်ပြီး ပွေ့ဖက် နှုတ် ဆက်ဖို့ ပြင်လိုက်တယ်။

"ဟဲလို အယ်လ်ဆာ"

အယ်လ်ဆာက ထရပ်ပြီး ခါတိုင်းလို လှမ်းဖက်လိုက်တယ်။ ပြီးတော့ သူ့ရင်ဘတ်ကို သေသေချာချာ ကြည့်ပြီး...

"သောကြာနေ့မှာ ဒီအင်္ကျီ ဝတ်လာတယ် ဟုတ်လား"

"အဲဒီအင်္ကျီ မဟုတ်ပါဘူး"

တကယ် ဝတ်လာတာလည်း သူ ပြောတဲ့ အင်္ကျီ မဟုတ်ဘူး။

"အာ... ဟုတ်ပါတယ် သီအို၊ နင် အဲဒီအင်္ကျီ ဝတ်ထားတာပါ"

"အင်း... ဆောရီးပါ အယ်လ်ဆာ"

နောက်ဆုံးမှာ ခါတိုင်းလိုပဲ သီအို လျှော့ပေးလိုက်ရတယ်။

အယ်လ်ဆာ့ ကိုယ်ပေါ် ဝတ်ထားတဲ့ အဝတ်ကတော့ ရှေးဟောင်းပစ္စည်း စာရင်း ဝင်လောက်နေပါပြီ။

သူ့ခန္ဓာကိုယ်က သေးသေးသွယ်သွယ်။ ဒါကြောင့် အမေက ပြောတတ် တယ်။ "သူ့ကိုယ်က ဘာအဝတ် ကောက်စွပ်စွပ် တော်တယ်။ သူက ကျပ်ကျပ် တည်းတည်း အရောင်ရဲရဲမှ ကြိုက်တာ" တဲ့။

ဒီနေ့ သူ ဝတ်လာတာကတော့ အနက်ရောင် ကိုယ်ကျပ်ဘောင်းဘီရှည်။ အစိမ်းရောင်ဆွယ်တာ။ ကညွတ်ပင်ကလေးနဲ့ တူနေသလိုပဲ။ ခေါင်းပေါ်မှာ ဆံပင် ဖြူတွေက ထိုးထိုးထောင်ထောင်။ သူ့ မျက်မှန်ကိုင်းက အစိမ်း။ အဝတ်အစားနဲ့ လိုက်ဖက်အောင် ရွေးတတ်တယ်။ ဒီနေ့ ဝတ်လာတဲ့ ဂျင်းကလည်း အစိမ်းရောင် လေ။ အယ်လ်ဆာဟာ အဲဒီလို ဝတ်စားဆင်ယင်တတ်ပေမယ့် သီအိုအတွက် ဖွင်းစရာ အတိ ဖြစ်နေတတ်တယ်။ သူ့အသက်က ခုနစ်ဆယ် ရှိပြီ၊ ဒါပေမဲ့ အေးအေး ဆေးဆေး အသက်ကြီးတာ မဟုတ်ဘူးလို့ သီအို ထင်တယ်။

သီအိုက မေးလိုက်တယ်။

"မေမေ ရှိလားဟင်"

သူက ကုလားထိုင်မှာ ပြန်ထိုင်ပြီး...

mgyoe.com

mgyoe.com  SAMPLE BOOK 

"ရှိတယ်၊ တံခါးဖွင့်ထားတယ်လေ"

"ကျေးဇူးပဲ အယ်လ်ဆာ"

"သားသူငယ်ချင်းတယောက် ဖုန်းဆက်တယ် သီအို"

"ဘယ်သူလဲ ဟင်"

"ဆန်ဒီ တဲ့၊ ဒီကို ဝင်လာခဲ့မယ် တဲ့"

"ကျေးဇူးပဲ အယ်လ်ဆာ"

သီအို ခန်းမဆောင်ထဲ ဝင်လာခဲ့တယ်။ တံခါးဝမှာ တွေ့တဲ့ အိမ်ခြံမြေလုပ်ငန်း အတွင်းရေးမှူး ဒေါ်ရသီကို နှုတ်ဆက်လိုက်တယ်။ သဘောကောင်းတဲ့ အမျိုးသမီးပါ။ ဒါပေမဲ့ အပေါ်ထပ်က သူ့ဘော့စ်လိုပဲ ပျော်စရာ မကောင်းတဲ့ အလုပ်မှာ ပျင်းတိပျင်းတွဲပဲ။ အတွင်းခန်းရဲ့ အဝမှာ တွေ့တဲ့ ဗင့်စ်ကိုလည်း သူ လှမ်းနှုတ်ဆက်လိုက်တယ်။ သူက ရှေ့နေလက်ထောက်။ သီအိုတို့ အမေနဲ့ တွဲလုပ်လာတာ ကြာပြီ။

သီအို အခန်းထဲ ဝင်သွားတော့ မာစဲလာဘွန်းက ဖုန်းပြောနေတယ်၊ အမေ့စားပွဲက အဖေ့ စားပွဲနဲ့ တခြားစီ၊ စာရွက်စာတမ်းတွေ၊ ဖိုင်တွဲတွေအားလုံး စီစီရီရီ သေသေသပ်သပ်။ ဒါပေမဲ့ ဖိနပ်တွေကတော့ ဖြစ်သလို ချွတ်ထားတယ်။ လောလောဆယ်မှာလည်း ခြေထောက်မှာ ဖိနပ်စွပ်မထားဘူး။ နံဘေးမှာ ဒေါက်မြင့်ဖိနပ် တရန် ချွတ်ထားတာ တွေ့တော့ သီအို သိလိုက်ပြီ၊ ဒီနေ့ အမေ တရားရုံးသွားရတဲ့ နေ့ပဲ။ တရားရုံးမှာ ဝတ်တဲ့ ရှေ့နေဝတ်စုံကို ဝတ်ထားဆဲ။ စကတ်အညိုနဲ့ အပေါ်အင်္ကျီက အနက်။ အမေက မိန်းမချော။ သေသေသပ်သပ် လှလှပပ ဝတ်တတ်စားတတ်တယ်။ အထူးသဖြင့် တရားရုံး သွားရတဲ့နေ့ ဆိုရင် ပိုပြီး ဂရုတစိုက် ဝတ်တတ်တယ်။

အမေက ခဏခဏ ပြောတတ်တယ်။

"ယောက်ျားတွေ ဖိုသီဖတ်သီ နေကြတာ ကိစ္စ မရှိဘူး။ အမျိုးသမီးတွေက သူတို့လို နေလို့ မဖြစ်ဘူး။ အဲဒါ ဘာမှ မဆန်းဘူး"

အယ်လ်ဆာက သူ့အလုပ်ရှင် မေမေနှင့် တသဘောတည်း။

မစ္စစ်ဘွန်းက လှချင်ပချင်တဲ့ အမျိုးသမီးပီပီ အဝတ်အစား ကောင်းကောင်း ဝတ်တတ်တယ်၊ ယောက်ျားနဲ့ တခြားစီ၊ မစ္စတာဘွန်းက ကြုံသလို ဝတ်ပြီး ဖြစ်သလို နေတဲ့ လူစားမျိုး။ သူက မိန်းမထက် သုံးနှစ်ပဲ ကြီးတာ။ ဒါပေမဲ့ ဆယ်နှစ်လောက် ကွာတယ် ထင်ရတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

တရားသူကြီးတယောက်နဲ့ သီအိုအမေ ဖုန်းပြောနေတယ်။ ကြည့်ရတာ သိပ်အပေါက်အလမ်း တည့်ပုံ မပေါ်ဘူး။ ဖုန်းချပစ်လိုက်တယ်။ သားကို ကြည့်ပြီး ပြုံးလိုက်ရင်း...

"ဟဲလို သားလေး၊ ဘယ်လိုလဲ ဒီနေ့ အခြေအနေ"

"အိုကေပါတယ် မေမေ၊ မေမေကော"

"မေမေကတော့ ခါတိုင်းလိုပါပဲ သားရယ်၊ ကျောင်းမှာ ဘာထူးလဲ"

"ဒီတခါ လေ့လာရေးခရီးက တရားရုံးကို မနက်ဖြန် သွားရမယ် မေမေ။ မေမေ မသွားဘူးလားဟင်"

အမေက ခေါင်းသွက်သွက် ယမ်းပြီး....

"တရားသူကြီး ဆန်းဖို့ဒ်ရဲ့ ရုံးခန်းမှာ မေမေ အမှုချိန်း ရှိတယ်"

"ဖေဖေက တရားသူကြီး ဂန်ထရီနဲ့ ဖုန်းပြောထားပြီ တဲ့။ သားကို လာ နားမထောင်ပါစေနဲ့လို့ တားထားတယ် တဲ့၊ ဖြစ်နိုင်ပါ့မလား မေမေ"

"ဖြစ်နိုင်တာပေါ့ သားရဲ့၊ သားရဲ့ အဓိကအလုပ်က ကျောင်းစာပဲ"

"ကျောင်းစာ ဆိုတာ ပျင်းစရာကြီးပါ မေမေရာ၊ သား စိတ်ဝင်စားတာ နှစ်ဘာသာပဲ ရှိတယ်၊ ကျန်တာတွေက ပျင်းစရာတွေချည်း"

"မေမေက ပညာရေးကိုပဲ သား စိတ်ဝင်စားစေချင်တယ်"

"တရားရုံးက ပိုပြီး ပညာရပါတယ် မေမေ"

"အင်း.... ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ တချိန်မှာ သား လေ့လာဖို့ အခွင့်ကြုံ မှာပါ။ ခုချိန်မှာတော့ ပညာပဲ သင်ရမယ်လေ"

"အွန်လိုင်းကနေ ဥပဒေ သင်မလားလို့ သား စိတ်ကူးနေတယ် မေမေ"

"သား သီအိုဒို၊ သားအရွယ်က ဥပဒေ တက်ရမယ့်အရွယ် မဟုတ်ပါဘူး ကွယ်၊ သား ရှစ်တန်းအောင် အောင် အရင် လုပ်ရမှာလေ။ သားက ကလေးပဲ ရှိသေး တယ်၊ ကလေးတယောက်လို ပျော်ပျော်နေရမှာ"

သီအို ဘာမှ မတတ်နိုင်တော့။ ပခုံးတွန့်ပြလိုက်တော့တယ်။

"ကဲ... အိမ်စာတွေ ထိုင်လုပ်တော့"

ပြောနေရင်း ဖုန်းတလုံး ဝင်လာတယ်။ တပြိုင်တည်းမှာ အပြင်ဘက် က အယ်လ်ဆာ့ဖုန်းလည်း မြည်လာတယ်။

"သား တက်ဒီ၊ မေမေ့ကို ခွင့်လွှတ်ဦးနော်၊ ကဲ... ပြုံးစမ်းပါဦး"

mgyoe.com

mgyoe.com
SAMPLE BOOK


လွယ်အိတ် ကောက်လွယ်ပြီး သီအို သူ့အမေ အခန်းထဲက ထွက်လာခဲ့တယ်။ ရှုပ်ပွနေတဲ့ မိတ္တူခုန်းကို ဖြတ်ပြီး စတိုခန်းထဲ ဝင်ခဲ့တယ်။ ရောမသေတ္တာကြီးတွေ၊ ဖိုင်တွဲအဟောင်းတွေ သိမ်းတဲ့ အခန်း။ သီအိုက ရှစ်တန်းကျောင်းသားပေမယ့် သူ့ကိုယ်ပိုင် ရုံးခန်းနဲ့လို့ ထင်နေတယ်။ သူ့စားပွဲက စာအုပ်တွေပေါ်ကို ကတ်ပြားတွေ စီတင်ထားတာ။ သူ့အမေ စားပွဲလောက် မသေသပ်ပေမယ့် အဖေ့စားပွဲထက်တော့ သပ်ရပ်တယ်။ ကုလားထိုင်က စတိုခန်းထဲမှာ တွေ့တဲ့ ဆုံလည်ကုလားထိုင် အဟောင်းကြီး။

ဂီဒီယန် ရုံးလိုက်လာရင်လည်း ဒီဆုံလည်ကုလားထိုင်ပေါ်မှာပဲ သူအိပ်တယ်။ အလုပ်ရှုပ်နေတဲ့ လူတွေကို သူ ရှောင်ဖို့ အကောင်းဆုံး နေရာလေ။ ဒီနေ့လည်း သူ ရောက်နှင့်နေတယ်။

သီအိုက သူ့ခေါင်းကို ပွတ်ပြီး နှုတ်ဆက်လိုက်တယ်။

"ဟဲလို ဂီဒီယန်၊ ဘယ်လိုလဲ၊ မင်း ဒီနေ့ လူတွေ ရှောင်ရသေးလား"

ဂီဒီယန်က အမြီးနှန့်ပြီး ခုံပေါ်က ဆင်းပေးတယ်။ ပြီးမှ ကြမ်းပြင်ပေါ်မှာ ခွေအိပ်တယ်။ နံရံမှာ အမြွာညီအစ်ကို ပိုစတာကြီး ချိတ်ထားတယ်။ မီနီဆိုးတာ ပြည်နယ်မှာ ဒီလမွေးတဲ့ တစုံတည်းသော အမြွာ။ မီနီဆိုးတာက မိုင်တစ်ထောင်ကျော် ဝေးတယ်။ ဘာရယ်လို့ မဟုတ်ပါဘူး။ သူတို့မြို့မှာ ဘယ်သူမှ အရေးတယူ ချိတ်တယ်လို့ မကြားဖူးလို့ ချိတ်ထားတာပါ။ နောက်တပုံက သီအိုဘွန်းရဲ့ ကာတွန်းရုပ်ပုံ၊ ရှေ့နေဝတ်စုံနဲ့ တရားရုံးထဲမှာ ရပ်နေတဲ့ပုံ၊ တရားသူကြီးတွေ ကိုင်တဲ့ 'တူ' က သူ့ခေါင်းပေါ်မှာဖြတ်ပြေးသွားနေတဲ့ ပုံ။ ခေါင်းနဲ့ လွတ်ရုံကလေး။ သူ့အောက်က ပုံစာက...

'အဆိုကို ပယ်ချလိုက်တယ်'

သူ့နောက်က ဂျူရီလူကြီးတွေက သူ့ကို ကြည့်ပြီး ဟားတိုက်နေကြတယ်။ ပုံရဲ့အောက် ညာဘက်မှာ ကာတွန်းဆရာ နာမည် ထိုးထားတယ်။

"ပေရယ်လ် ဖင်နီမိုး' တဲ့။

မနှစ်က သူ့မွေးနေ့မှာ ပေရယ်လ် ဆွဲပေးထားတဲ့ ပုံ။ ပေရယ်လ်ရဲ့ ခလောလောဆယ် အိပ်မက်က ပဲရစ်ကို လစ်ဖို့၊ အဲဒီမှာနေပြီး လမ်းရှုခင်းတွေကို ပန်းချီဆွဲမယ် တဲ့။

စတိုခန်းထဲက ထွက်လိုက်ရင် နောက်တက် ကားရပ်ကွင်းကိုသွားတဲ့အပေါက်ရှိတယ်။ လမ်းကလေးက ကျောက်စရစ်ခင်း။

mgyoe.com

mgyoe.com SAMPLE BOOK


ထုံးစံအတိုင်း အိတ်ထဲက စာအုပ်တွေ ထုတ်ပြီး အိမ်စာတွေ စလုပ်တယ်။ အဖေနဲ့ အမေရဲ့ ပြင်းထန်တဲ့ စည်းကမ်းချက်က ညစာစားချိန်မှာ အပြီးလုပ်ရမယ် တဲ့။ အဲဒါ သူငယ်တန်းကတည်းက စခဲ့တာ။ သီအိုက အားကစားလုပ်ချင်တာ။ ဒါပေမဲ့ ငယ်ငယ်ကတည်းက ပန်းနာရင်ကျပ်ရောဂါ ရခဲ့လို့ အားကစား မလုပ်နိုင်ခဲ့ ဘူး။ ဒါကြောင့်လည်း ဘာသာတိုင်းမှာ သူ အဆင့် 'အေ' ချည်း ရခဲ့တယ်လေ။ ဒါပေမဲ့ စနေနေ့တိုင်း အဖေနဲ့ ဂေါက်ကွင်းကို လိုက်သွားပြီး ဂေါက်ရိုက်တယ်။

နောက်ဖေးတံခါးခေါက်သံ ကြားတော့ ဂီဒီယန်က ခပ်တိုးတိုး ဟိန်းတယ်။ ဆန်ဒီကိုးကလည်း ရှစ်တန်းပဲ။ ဒါပေမဲ့ အတန်းခွဲချင်း မတူကြဘူး။ သူ့ကို သီအို ခင်ပေမယ့် သိပ်မရင်းနှီးဘူး။ သူက စကားနည်းပြီး ပျော်ပျော်နေတတ်တယ်။ သူက စကားပြောစရာ ရှိတယ်ဆိုလို့ သီအိုက သူ့ကို အခန်းထဲ ခေါ်လိုက်တယ်။ အခန်း ထောင့်မှာ ထောင်ထားတဲ့ ခေါက်ကုလားထိုင်ကို သီအိုက သူ့အတွက် ယူပြီး ဖြန့်ခင်း ပေးလိုက်တယ်။

ဆန်ဒီက စမေးတယ်။ ရှက်ကန်းကန်း အမူအရာနဲ့။ စိတ်လှုပ်ရှားနေ ပုံလည်း ရတယ်။

"တို့ ဒီမှာ ပြောရတာ လွတ်လပ်ပါတယ်နော်"

"လွတ်လပ်ပါတယ်ကွ၊ ဘယ်သူမှ မရှိပါဘူး၊ ဘာကိစ္စမို့လဲကွ"

"ငါ တယောက်ယောက်နဲ့ တိုင်ပင်စရာ ရှိလို့ပါကွာ။ ငါ ဘယ်လိုမှ မစဉ်း စားတတ်လို့ပါ"

သီအိုက ဆရာကြီးလေသံနဲ့...

"စိတ်ချ၊ ဘယ်ကိုမှ မပေါက်ကြားစေရဘူး"

"အေး ဟုတ်ပြီ၊ ဒီလိုကွ သီအို၊ ငါ့အဖေ အလုပ်ပြုတ်သွားတယ်၊ သိပ် မကြာသေးဘူး၊ အဲဒီမှာ အခြေအနေတွေ ဆိုးကုန်တော့တာပဲ"

သီအို ဘာပြောမလဲလို့ သူ ခဏစောင့်နေတယ်။

"အင်း.. ဆိုပါဦး၊ စိတ်မကောင်းပါဘူး ဆန်ဒီ"

"မနေ့ညက အဖေနဲ့အမေ မီးဖိုထဲမှာ တိုးတိုး တိုးတိုး လုပ်နေတာ အကြာကြီးပဲ။ အင်း... တခုခုပဲ ဆိုပြီး ငါ နိုးနားထောင်တာပေါ့။ ဒါထက် အပေါင် ဆုံးတယ် ဆိုတာ ဘာလဲကွ၊ မင်း သိလား"

"အင်း... သိတယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"အဲဒါ ဘာလဲကွ"

"အပေါင်ဆုံးတယ် ဆိုတာ ပုံစံအမျိုးမျိုး ရှိတယ်ကွ၊ အိမ်ပိုင်ရှိတဲ့ လူတယောက်ဟာ ဘဏ်ချေးငွေနဲ့ နှစ်ရှည်ပေးချေမှုစနစ်နဲ့ အိမ်ဝယ်ကြရတာ။ ဘဏ်ကို မှန်မှန် ပြန်ဆပ်ရတယ်။ အဲဒီလို မသွင်းနိုင်ရင် ဘဏ်က အိမ်ကို သိမ်းနိုင်တယ်"

"အဲဒါတွေ ငါ ဘာမှ မသိဘူး သီအို"

"အိုကေ၊ ဒီလိုကွ..."

သီအိုက စာအုပ်တအုပ်ကို စားပွဲအလယ်မှာ ချလိုက်တယ်။

"ဒါ မင်း ဝယ်ချင်တဲ့အိမ် ဆိုပါတော့။ ဒေါ်လာတစ်သိန်း တန်တယ် ထားပါတော့။ မင်းမှာ ဒေါ်လာတစ်သိန်း မရှိဘူး။ ဒီတော့ မင်း ဘဏ်မှာ သွားပြီး ငွေချေးရတော့မယ်"

ဒီမှာ ရပ်ပြီး သီအိုက နောက်စာအုပ် တအုပ် ယူပြီး ပထမစာအုပ် ဘေးမှာ ချထားလိုက်တယ်။

"ဒါက ဘဏ် ဆိုပါတော့ကွာ"

"အင်း... ဟုတ်ပြီ"

"ဘဏ်က မင်းကို ဒေါ်လာတစ်သိန်း ချေးလိုက်ပြီ၊ ကဲ... ရောင်းတဲ့လူဆီက မင်း အိမ်ဝယ်နိုင်ပြီပေါ့။ ဆိုပါတော့.... မင်းက ဘဏ်မှာ တလ ဒေါ်လာငါးရာ ပြန်ဆပ်ရမယ်၊ နှစ်ပေါင်းသုံးဆယ်အတွင်း ဆပ်ရမှာ"

"သုံးဆယ်... ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ထုံးစံပဲ။ ဘဏ်က ချေးငွေအတွက် အတိုးယူတယ်လေ။ ချေးထားတဲ့ ဒေါ်လာတစ်သိန်းပေါ်မှာ လစဉ် အတိုးပေးရတာလေ။ အဲဒါ ထုံးစံပဲလေ။ မင်း လိုချင်တဲ့ အိမ် မင်း ရပြီလေ၊ ဒီတော့ ဘဏ်က အတိုးယူတာပေါ့"

"အပေါင် ဆိုတာက...."

"နှစ်ဦးသဘောတူ စာချုပ်တမျိုးပေါ့။ ချေးငွေ မကျေမချင်း ဘဏ်ကို လတိုင်း ဆပ်နေရမယ်၊ အဲဒါ ပျက်ကွက်ရင် ဘဏ်က အိမ်ကို သိမ်းယူခွင့် ရှိတယ်၊ အပေါင်ဆုံးတယ် ခေါ်တာပေါ့"

ပြောပြီး စာအုပ်နှစ်အုပ်ကို ထပ်လိုက်တယ်။ ကိစ္စပြတ်ပြီ ဆိုတဲ့ သဘော။

"အိမ်က ဆင်းပေးရမယ် ဆိုတော့ အမေက တချိန်လုံး ငိုနေတယ်ကွာ၊ ငါ မွေးကတည်းက နေလာတဲ့ အိမ်လေ"

mgyoe.com

သီအိုက သူ့ လက်ပ်တော့ပ်ကို ဖွင့်ကြည့်ပြီး...

"အင်း... မလွယ်ဘူးကွ၊ ခုတလော ဒါမျိုးတွေချည်းပဲ တွေ့နေရတယ်"

ဆန်ဒီက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းငိုက်စိုက် ကျသွားတယ်။

"မင်းအဖေနာမည် ပြောပါဦး"

"ထောမတ်စ်၊ ထောမတ်စ်ကိုး"

"အမေကကော"

"အယ်ဗလင်း"

သီအိုက ခပ်သွက်သွက် ဆက်မေးတယ်။

"လိပ်စာ"

"၈၁၄၊ ဆင်နင်တန်"

သီအို့လက်တွေ လက်ပ်တော့ပ် ခလုတ်ပေါ်မှာ ပိုသွက်လာတယ်။

"ဟာ... မလွယ်ပါလားဟေ့"

"ဘယ်လို ဖြစ်လို့လဲကွ"

"ဘဏ်က မင်းတို့ကို ငွေချေးထားတာ ဆယ့်လေးနှစ်လောက် ရှိခဲ့ပြီ။ စုစုပေါင်း သိန်းတစ်ရာ့နှစ်ဆယ်။ နှစ်သုံးဆယ် စာချုပ်ပြီး ဘဏ်ကို ငွေမသွင်းနိုင်တာ လေးလရှိပြီ"

"လေးလ... ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါတွေ ကွန်ပျူတာမှာ ပေါ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ လူတိုင်းတော့ ကြည့်လို့ မရပါဘူး"

"မင်းက ဘယ်လိုလုပ် ရသလဲ"

"အဲ... နည်းလမ်း ရှိတယ် ဆိုပါတော့၊ တရားရုံးတွေက ပိုက်ဆံပေးပြီး အချက်အလက်တွေ ဝယ်ရတယ်ကွ။ ငါက သူတို့အထဲ ဝင်ကြည့်တဲ့နည်း ရထားတယ် ဆိုပါတော့ကွာ"

ဆန်ဒီက ခေါင်းပိုငိုက်ကျသွားပြီး...

"ဒါဆို ငါတို့ အိမ် ဆုံးတော့မှာပေါ့ ဟုတ်လား"

"အဲဒီလို မဟုတ်ပါဘူး"

"ငါ့အဖေမှာ အလုပ်မှ မရှိတော့တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘဏ်ကို အရှောင်အတိမ်း လုပ်တဲ့ နည်းတွေ ရှိပါတယ်၊ အချိန်ဆွဲထားလို့ ရတယ်။ အဲဒီကြားထဲမှာ မင်းအဖေ အလုပ်တခု ပြန်ရှာပေါ့"

ဆန်ဒီ နားလည်ဟန် မတူ။ ခေါင်းရှုပ်သွားပုံ ရတယ်။

"မင်း ဒေဝါလီ ဆိုတာ ကြားဖူးလား ဆန်ဒီ၊ လူမွဲ အမည်ခံလိုက်တာလေ"

"ကြားဖူးသလိုလိုပဲ၊ နားတော့ မလည်ဘူး"

"အဲဒါက လုပ်ချင်မှ လုပ်လို့ ရတာပါ။ မင်း မိဘတွေက ဒေဝါလီခံဖို့ လျှောက်ထားလို့ ရတယ်၊ အဲဒီကိစ္စ လိုက်တဲ့ ရှေ့နေတော့ ငှားရမယ်၊ သူက ဒေဝါလီရုံးမှာ လျှောက်ပေးမယ်လေ"

"ရှေ့နေခက ဘယ်လောက်ကျမလဲ"

"အဲဒါအတွက် ခုလောလောဆယ် မပူပါနဲ့ဦး၊ အရေးကြီးတာက ရှေ့နေ အရင်ငှားဖို့ပါ"

"မင်း လုပ်ပေးလို့ မရဘူးလား သီအို"

"ဟာ.. ဘယ်ဖြစ်မလဲ၊ ငါ့အဖေနဲ့ အမေကလဲ သူတို့လိုင်း မဟုတ်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ နှစ်ခန်းကျော်မှာ အဲဒီဘက်က နာမည်ကြီး ရှေ့နေ တယောက် ရှိတယ်။ အမေတို့နဲ့ ခင်ပါတယ်။ နာမည်က စတိဗ်မိုဇင်ဂို တဲ့"

ဆန်ဒီက ရှေ့နေ နာမည်ကို ရေးမှတ်သွားတယ်။

"ဒါဆို အိမ်ပေါ်က တို့ ချက်ချင်း ဆင်းပေးဖို့ မလိုသေးဘူးပေါ့"

"ဒါပေါ့၊ မင်းအဖေနဲ့ အမေကို ရှေ့နေဆီ အမြန်ဆုံး လွှတ်ပေးလိုက်"

"ကျေးဇူးပဲ သီအို၊ မင်း မရှိရင် ငါ ဘာလုပ်ရမှန်း သိမှာ မဟုတ်ဘူး"

"ရပါတယ်ကွာ၊ မင်းကို ကူညီရလို့ ငါ ပျော်ပါတယ်"

ဆန်ဒီ အခန်းထဲက သုတ်ခြေတင်ပြီး ထွက်သွားတယ်။ ပြီးမှ နောက်ဘက် ကားရပ်ကွင်းမှာ ရပ်ထားခဲ့တဲ့ သူ့စက်ဘီးဆီကို ပြေးချသွားတယ်။

အင်း... ကျေနပ်သွားတဲ့ အမှုသည် တယောက်ပေါ့။

✱

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုမှာ သီအို့ အခန်းထဲကို မစ္စစ်ဘွန်း ဝင်လာတယ်။ လက်တဖက်က ဖိုင်တွဲတတွဲ ကိုင်လို့ ကျန်တဖက်က စာရွက်တထပ် ကိုင်လို့၊ မျက်မှန်က နှာတံပေါ်မှာ လျှောကျနေတယ်။

"သားရေ၊ မေမေတို့ မိသားစုရှေးရာ တရားရုံးခန်းကို ခဏသွားပေးပါလား ဟင်၊ ငါးနာရီ မထိုးခင် အရောက် သွားပေးနော်"

"ဟုတ်ကဲ့ မေမေ"

သီအိုက လွယ်အိတ်ကို လှမ်းယူရင်း ပြောလိုက်တယ်။

"အိမ်စာတွေ လုပ်လို့ ပြီးရဲ့လား"

"ပြီးပါတယ် မေမေ၊ သိပ်မများပါဘူး"

"အေး ကောင်းတယ်၊ ကောင်းတယ်။ ဒီနေ့ တနင်္လာနေ့နော်၊ အိုက်ဆီ သွားမယ် မဟုတ်လား။ သားကို သူ မျှော်နေရှာမယ်"

တနင်္လာနေ့တိုင်း အမေ သတိပေးနေကျ။ တခုက အိုက်ဆီ နာရီဝက် သွားဖို့၊ နောက်တခုက ရိုဘီလီတို့ ဆိုင်မှာ အီတလီစာ သွားစားဖို့၊ ရိုဘီလီတို့ ဆိုင်မှာ စားရတာက အိုက်ဆီ သွားရတာထက် ပိုပျော်စရာ ကောင်းတယ်။

"ဟုတ်ကဲ့ပါ မေမေ၊ ရိုဘီလီတို့ ဆိုင်မှာ ဆုံမယ်နော်"

သီအိုက ဖိုင်တွဲနဲ့ စာရွက်တွေကို လွယ်အိတ်ထဲ ထည့်ရင်း ပြန်ပြောလိုက်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"အိုကေ၊ ည ခုနစ်နာရီ၊ စိတ်ချနေ့ာ် မေမေ"

ဂီဒီယန်ကို ခေါင်းပုတ်နှုတ်ဆက်ခဲ့ပြီး နောက်တက်တံခါးက သီအို ထွက်လာခဲ့တယ်။

နောက် ငါးမိနစ်ကြာတော့ မိသားစုရေးရာ တရားရုံးခန်းရှေ့မှာ စက်ဘီးကို သော့ခတ်ခဲ့ပြီး ရုံးခန်းထဲ ဝင်လာခဲ့တယ်။ သူ့အမေ ခိုင်းလိုက်တဲ့ ရုံးခန်းက သေတမ်းစာ မှူခင်းရုံးခန်းနဲ့ ကပ်လို့၊ ခန်းမဆောင်ထဲကို ဆက်လျှောက်သွားတော့ ရာဇဝတ်မှုခင်း တရားရုံး။ ပြီးတော့ ယာဉ်တိုက်မှုရုံး၊ ဆေးဝါးမှုခင်းရုံး၊ တိရစ္ဆာန်မှုခင်းရုံး၊ ဒေဝါလီရုံးအပြင် သူ မသိတဲ့ ရုံးခန်းတွေလည်း ရှိသေးတယ်။

မိသားစုရေးရာ တရားရုံးခန်းထဲမှာ ဖေရယ်လ်ကို တွေ့လို တွေ့ငြား ဝင်ကြည့်သေးတယ်။ တရားရုံးခန်းထဲမှာ တယောက်မှ မရှိတော့ဘူး။ စာရေးခန်းထဲကို မှန်တံခါး တွန်းပြီး ဝင်ကြည့်တော့ ဂျင်နီကို တွေ့တယ်။ မိန်းမချောကလေး ဂျင်နီက သူ့ကို ဆီးပြီး နှုတ်ဆက်တယ်။

"ဟဲလို သီအို"

ကွန်ပျူတာကနေ ခေါင်းထောင်ပြီး ဖော်ဖော်ရွေရွေ နှုတ်ဆက်တာ။ ဂျင်နီ လှလွန်းလို့ သီအို ကြွေနေတာလေ။ ဖြစ်နိုင်ရင် မနက်ဖြန်တောင် လက်ထပ်လိုက်ချင်သေးတယ်။ ဒါပေမဲ့ အသက်ချင်းက ကွာလွန်းပြီး သူက အိမ်ထောင်နဲ့။ ပြီးတော့ ကိုယ်ဝန်ကြီးနဲ့။ သီအိုက သူ့ကို ကျိတ်ငမ်းနေတာ။ ဘယ်သူ့မှတော့ မပြောရဲဘူးပေ့ါ။

"အမေ ပို့ခိုင်းလိုက်လို့ပါ အစ်မ ဂျင်နီ"

ဖိုင်တွဲစာရွက်ထပ်ကို ကမ်းပေးရင်း သူက ဆက်ပြောလိုက်တယ်။

"ကွာရှင်းကြပြန်ပြီ ထင်ပါရဲ့ဗျာ"

ပြောပြီး အမျိုးသမီးကို သူ စိုက်ကြည့်နေတယ်။ ဂျင်နီက သူ လုပ်စရာရှိတာတွေ တန်းလုပ်တော့တယ်။ စာရွက်တွေကို ရုံးတံဆိပ် ထုလိုက်၊ တချို့ကို ဖိုင်တွဲလိုက်နဲ့။

သီအိုက သူ့ကို ငေးကြည့်နေတုန်း။

"မနက်ဖြန် အစ်မဂျင်နီ လူသတ်မှု တရားရုံးကို သွားနားထောင်ဦးမှာလား"

"အင်း... အလုပ်အားရင် ခဏ လစ်သွားမလားလို့ မင်းကော"

"ကျွန်တော်ကတော့ မဖြစ်မနေ သွားမှာပဲ"

"သိပ်စိတ်ဝင်စားတယ်ပေ့ါ၊ ဟုတ်လား"

mgyoe.com

သီအိုက အမျိုးသမီးအနား တိုးကပ်သွားပြီး..

"အစ်မဂျင်နီ ဘယ်လို ထင်လဲဟင်၊ သူ သတ်တယ်လို့ ထင်လား"

ဂျင်နီက ရှေ့ကိုင်းလိုက်တော့ သီအိုနဲ့ ပိုကပ်သွားတယ်။ တိုးတိုး ပြောရမယ့် ကိစ္စမျိုး မဟုတ်လား။

"ထင်တယ်၊ မင်းကော သီအို"

"ဟုတ်ကဲ့၊ ဒါပေမဲ့ သူက သူ မဟုတ်သလိုပဲနော်"

"မင်းက အမြဲ သွားနားထောင်တယ် ထင်တယ်၊ ဟုတ်လား။ အစ်မ မေးတာက လုံးဝ တရားဝင် မဟုတ်ဘူး၊ မင်း အထင်ကို မေးတာနော်"

"ကျွန်တော်လဲ သူ သတ်တယ်လို့ပဲ ထင်တယ်"

"အင်း... ဒါဆို တို့ စောင့်ကြည့်ရမှာပေ့ါနော်"

ပြောပြီး ဂျင်နီက ပြုံးရင်း သူ လုပ်စရာတွေ ဆက်လုပ်နေတယ်။

"ဩော်.... ဒါထက်၊ ပေရယ်လ်တို့အမှု ပြီးသွားပြီလား အစ်မဂျင်နီ"

ဂျင်နီက ဘေးဘီကို ဝေ့ကြည့်လိုက်တယ်။ မပြီးသေးတဲ့ အမှုအကြောင်း မပြောရဘူးလေ။

"တရားသူကြီး ဆန်းဖို့ဒ်က ညနေ လေးနာရီကို ရုံးချိန်း ရွှေ့လိုက်တယ်"

"အစ်မဂျင်နီ အဲဒီ တရားခွင်ကို သွားနားထောင်မှာလား ဟင်"

"ဟင့်အင်း... မသွားပါဘူး၊ ဘာလို့လဲ သီအို"

"ပေရယ်လ် ဖင်နီမိုးက ကျောင်းမှာ သူငယ်ချင်းလေ။ သူ့အဖေနဲ့ အမေ ကွာရှင်းကြမယ် ဆိုတော့ သိချင်လို့ပါ အစ်မဂျင်နီ"

"ဩော်..."

ဂျင်နီက စိတ်မကောင်းတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

သီအိုက သူ့ကို စိုက်ကြည့်နေဆဲ။ ဂျင်နီက...

"ဘိုင့်ဘိုင် သီအို"

သီအို ပြန်ထွက်လာတော့ အပြင်ခန်းမထဲမှာ လူတယောက်မှ မတွေ့ရဘူး။ အခန်းတခန်းရဲ့ အဝမှာ ဘီးလစ်စာရေးကြီး တယောက်တည်း ထိုင်နေတယ်။ ခါးမှာ ခြောက်လုံးပြူး ချိတ်ထားတာ မတွေ့ရဘူး။ ယူနီဖောင်းကလည်း အရောင်အဆင်း မရှိတော့အောင် လွင့်ပြယ်နေပြီ။ ဘီးလစ်စာရေးကြီးတွေ အားလုံး လိုလို သီအို သိတယ်။ ဒီလူကြီး နာမည်က ဘီးလစ်ဂေါ်ဆက် တဲ့၊ အဖေ ပြောဖူးတာ မှတ်မိနေသေးတယ်။ ဘီးလစ်စာရေးကြီးတွေဟာ အားလုံး စိတ်တိုတဲ့ လူတွေချည်း

mgyoe.com

ပဲတဲ့။ သူတို့အားလုံးရဲ့ ဘဝက ပင်စင်ယူခါနီးတွေချည်းပဲတဲ့။ ခရမ်းသီးပိန် ဓားတုံးတွေချည်းတဲ့။ အဲဒီ ရဲလူထွက်တွေကို ဘီးလစ် ဆိုတဲ့ ရာထူး ပေးလိုက်ကြတာတဲ့။ လမ်းပေါ်မှာ ရဲလုပ်ရတာထက် အပုံကြီး အနေချောင်တာပေါ့။ ဒီလိုနဲ့ အကုန်လုံး လူပျင်းတွေ ဖြစ်ကုန်ကြရော တဲ့။

ဘီးလစ်ဂေါ်ဆက်က မရယ်မပြုံးဘဲ သူ့ကို လှမ်းနှုတ်ဆက်တယ်။

"ဟဲလို သီအို"

သီအိုက ပြန်နှုတ်ဆက်လိုက်တယ်။

"ဟဲလို ဘီးလစ်ဂေါ်ဆက်" လို့၊ ပြီးတော့ ဆက်ပြောတယ်။

"အမေ ခိုင်းလိုက်လို့ ဖိုင်တွဲ လာပို့တာ"

"ဟုတ်လား၊ ဒါပဲလား"

"ဟုတ်ကဲ့၊ ဒါပါပဲ"

"မင်း ဟို အမှုစစ်ပြီလား ဆိုပြီး လာချောင်းတာ မဟုတ်လား"

"အင်း... အဲဒါလဲ ပါတာပေါ့"

"အေး.. ငါ ထင်ပါတယ်ကွ၊ မင်း စိတ်ဝင်စားစရာ ငါ မင်းကို သတင်းပေးစရာ ရှိတယ်။ မနက်ဖြန် အမှုကို တီဗွီရိုက်လိမ့်မယ် သိလား၊ ဒီနေ့ သတင်းထောက်တွေ လာကြည့်သွားတယ်"

"ခင်ဗျား မနက်ဖြန် ဂျူတီ ရှိလား"

"အေး... ငါ့အလှည့်ကွ"

ဘီးလစ်စာရေးကြီးက ရင်ကို ချီပြီး ပြောလိုက်တယ်။ မနက်ဖြန် တရားခွင်က သူ မပါရင် မပြီးသလိုလို။

"လုံခြုံရေးကတော့ အပြတ်တင်းမှာနော် မောင်"

"ဘာပြုလို့လဲဗျ"

သီအိုက သိရက်သားနဲ့ မေးလိုက်တာ၊ ဘီးလစ်စာရေးကြီး ဂေါ်ဆက်ဟာ အမှုကြီးတွေ နားထောင်ရဖန် များတော့ သူ့ကိုယ်သူ ဥပဒေကျွမ်းသူ တယောက်လို့ အထင်ရောက်နေတယ်။ (အမှန်က အပေါက်စောင့်ရင်း သူ အိပ်ပျော်နေတာ ခပ်များများ) ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသူတို့ရဲ့ ထုံးစံအတိုင်း သိသမျှ၊ ရသမျှ သတင်းကို အမြန်ဆုံး ဖြန့်ချင်တယ်။

သူက အလွန်အမင်း အလုပ်များတဲ့ လူတယောက်ရဲ့ ဟန်မျိုးနဲ့ နာရီကြည့်လိုက်တယ်။

mgyoe.com

"လူသတ်မှု ဆိုတော့ သိပ်အရေးကြီးတယ်ကွ၊ လုံခြုံရေး သိပ်ဂရုစိုက်ရတယ်"

"ဘယ်သူတွေကို ဂရုစိုက်ရတာလဲဗျ"

"ဒီလိုကွ သီအို၊ မင်း နားလည်အောင် ရှင်းပြမယ်။ လူသတ်မှုတိုင်းမှာ အသတ်ခံရတဲ့ လူရယ်၊ သူ့အပေါင်းအသင်းတွေရယ်၊ မိသားစုတွေရယ် ရှိတယ်။ သူတို့က ခံထားရတဲ့ဘက်က ဆိုတော့ ဘယ်လိုမှ ကျေနိုင်မှာ မဟုတ်ဘူး၊ သဘော ပေါက်တယ်နော်"

"ဟုတ်"

"ဒီတော့ တရားခံက ရှေ့နေ ငှားတယ်။ ဒီအမှုမှာ မစ္စတာ ဒတ်ဖီပေ့ါကွာ။ သူ မသတ်ပါဘူး ဆိုတာ သက်သေပြရမယ်လေ။ သူ့မှာ အပြစ်မရှိဘူးဘဲ ထားပါတော့။ ဒါဆိုရင် တကယ် သတ်တဲ့လူ တယောက် ရှိရမယ်။ ဒီတရားခွင်ကို သူ လာ နားထောင်ချင် နားထောင်လိမ့်မယ်"

ပြောပြီး ဘီးလစ်စာရေးကြီးက ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ လူသတ်သမား သူ့အနား ရောက်နေတဲ့ အတိုင်းပဲ။

သီအိုက မေးမိတော့မလို့၊ မနည်း လျှာဘရိတ် အုပ်ထားလိုက်ရတယ်။ တကယ်သတ်တဲ့ လူသတ်သမား တရားရုံးကို လာရဲပါ့မလားလို့၊ လာရဲတယ် ထား ပါဦး။ တရားရုံးမှာ သူ ဘာလုပ်နိုင်မှာလဲလို့၊

ဒါပေမဲ့ အလိုက်အထိုက်ပဲ ပြောလိုက်ပါတယ်။

"ဩော်.. အင်း... ဘီးလစ် စာရေးကြီးတို့ ကောင်းကောင်း သတိထားရ မှာပေ့ါနော်"

"ရပါတယ်၊ အားလုံး ထိန်းထားပြီးသားလေ"

"ဒါဆို မနက်မှ တွေ့မယ်နော်"

"ဘာ... မင်းက လာမလို့လား"

"ဟုတ်"

ဘီးလစ်စာရေးကြီးက ခေါင်းယမ်းပြီး....

"မဖြစ်နိုင်ဘူး သီအို၊ လူတွေ ပြည့်လျှံနေမှာ"

"ဒီမနက် တရားသူကြီး ဂန်ထရီနဲ့ သွားတွေ့ပြီး နေရာ တောင်းခဲ့ပြီးပါပြီ။ ရခဲ့ပြီးပါပြီ" လို့ ပြောပြီး သီအို ထွက်လာခဲ့တယ်။

ဘီးလစ်စာရေးကြီး ပါးစပ်အဟောင်းသား ဖြစ်ကျန်နေရစ်တယ်။

⁂

mgyoe.com

mgyoe.com

SAMPLE BOOK


အိုက် ဆိုတာ သီအို့ဦးကြီး တော်တယ်။ အဖေ့အစ်ကို အရင်းလေ။ သီအို မမွေးခင်က ဘွန်း ရှေ့နေလုပ်ငန်းကို သီအို့ အဖေ၊ အမေနဲ့ အတူတူ လုပ်ခဲ့တာတဲ့။ အန်ကယ် အိုက်က ဝင်ငွေခွန်ရှေ့နေ။ ဒီမြို့မှာ မရှိသလောက် ရှားတယ်။ သီအို နားစွန်နားဖျား ကြားထားသလောက် အဖေနဲ့အမေက သူ ကြီးလာရင် ဦးကြီးရဲ့ ခြေရာ နင်းစေချင် သတဲ့။ ရှေ့နေသုံးယောက်ဟာ သိပ်အခြေအနေ ကောင်းခဲ့တယ်တဲ့။ နောက် အန်ကယ်အိုက် ဘာခြေလှမ်းမှားတယ် မသိဘူး။ တော်တော် ဆိုးပုံရတယ်။ ရှေ့နေ လိုင်စင် အသိမ်းခံလိုက်ရတယ်တဲ့။ အဖြစ်မှန်ကို သိချင်လို့ သီအိုက မေးတဲ့အခါ အဖေနဲ့ အမေက လုံးဝ မပြောဘူး။ ဒီအကြောင်း ဘယ်တော့မှ မပြောရဘူးလို့ သူ့ကို နှုတ်ပိတ်ထားကြတယ်။ အရွယ်ရောက်တဲ့အခါမှ ပြောပြမယ် တဲ့။

အန်ကယ်အိုက်က အခွန်ကိစ္စပဲ ဆက်လုပ်နေတယ်။ ဒါပေမဲ့ ရှေ့နေ တယောက်အနေနဲ့တော့ မဟုတ်တော့ဘူး။ လုပ်ငန်း အသေးအဖွဲလေးတွေအတွက် ကိုယ်စားလှယ်သဘောမျိုး ထင်ပါရဲ့။ သူ့ရုံးခန်းက မြို့ထဲမှာ။ တိုက်အိုကြီး တလုံး ရဲ့ ဒုတိယထပ်မှာ။ ပထမထပ်မှာ ဂရိလူမျိုး လင်မယား ဖွင့်ထားတဲ့ စားသောက်ဆိုင် ရှိတယ်။ သူတို့ဆိုင်ရဲ့ အခွန်ကိစ္စတွေလည်း သူ လုပ်ပေးရတယ်။ အဲဒီအတွက် တပတ် ကို ငါးရက် သူ့ကို နေ့လယ်စာ ကျွေးတယ်။

သူ့ ရှေ့နေလိုင်စင် အသိမ်းခံရကတည်းက သူ့မိန်းမက သူ့ကို ထားသွား တယ်တဲ့။ ဒီတော့ သူ့ဘဝက တကိုယ်တည်း အထီးကျန်ပေ့ါ။ သူ့ ကြည့်ရတာ ပျော်ပုံ မရပါဘူး။ ဒီတော့ တနင်္လာညနေတိုင်း ဝတ်မပျက် သွားရတဲ့ သီအိုလည်း သူ့ဆီ မသွားချင်ဘူး။ ပျင်းလို့။ အဖေနဲ့အမေက အတင်းလွှတ်လို့သာ သွားနေရတာ။ သူတို့ကျတော့ မသွားဘူးလေ။

"ဟဲလို... သီအို"

အန်ကယ်အိုက်က သူ့ကို လှမ်းနှုတ်ဆက်တယ်။ သီအိုက အခန်းထဲ ဝင်သွားပြီး...

"ဟဲလို.... အန်ကယ်အိုက်"

အဖေ့ထက် ကြီးပေမယ့် သီအိုက သူ့ကို အန်ကယ်အိုက် လို့ပဲ ခေါ်တယ်။ သူကလည်း သဘောကျတယ်။ အယ်လ်ဆာ့လိုပဲ ငယ်ချင်တယ် ထင်ပါရဲ့။ သူက အရောင်လွင့် ဂျင်းဘောင်းဘီနဲ့ ခြေညှပ်ဖိနပ် စီးထားတယ်။ တီရှပ်က ဘီယာကြော်ငြာ နဲ့။ ဘယ်ဘက် လက်ကောက်ဝတ်မှာ ပုတီးစေ့လက်ကောက်တွေ အများကြီး။

mgyoe.com

mgyoe.com
SAMPLE BOOK


ဆံပင်တွေ ဖြူနေပေမယ့် အရှည်ကြီး ထားတယ်။ ဇက်ပေါ်မှာ မြင်းမြီးပုံစံ စည်းထား တယ်။

အိုက်က သူ့စားပွဲမှာ ထိုင်လို့။ စားပွဲပေါ်မှာ ဖိုင်တွေအပြည့်။ နံရံမှာ အပေါ်စား ပန်းချီကားတွေ စီပြီး ချိတ်ထားတယ်။ တီဗွီက ရော့ခ်သီချင်းသံ ခပ်တိုးတိုး ထွက်နေ တယ်။

အမေက အိုက်အကြောင်း ပြောပြတယ်။ အလုပ် ကစဥ့်ကလျား မဖြစ်ခင် က ဒီလို မဟုတ်ဘူးတဲ့။ ပထမတန်းစား ဝတ်စုံနက်ပဲ အမြဲဝတ်တာတဲ့။ ခုမှ ဟစ်ပီပုံစံ ပေါက်နေပြီး ဘာကိုမှ မကျေနပ်တဲ့အချိုး ချိုးနေတာတဲ့။

"ဘယ်လိုလဲ၊ အန်ကယ်အိုက်ရဲ့ အချစ်ဆုံး တူကလေး" လို့ ပဋိသန္ဓာရ ပြုတယ်။ သီအိုက ခုံတလုံးမှာ ဝင်ထိုင်လိုက်ပြီး...

"အိုကေပါတယ်၊ အန်ကယ်အိုက်ရဲ့ ဒီနေ့ အခြေအနေကော"

အိုက်က စားပွဲပေါ်က စာရွက်ပုံကြီးကို လက်ဝှေ့ပြလိုက်ပြီး...

"နေ့တိုင်းလိုပါပဲကွာ၊ ပိုက်ဆံမရှိတဲ့ လူတွေဆီက ပိုက်ဆံရအောင် လုပ် နေရတဲ့ အလုပ်မျိုးလေ။ မင်းအဖေနဲ့ အမေရဲ့ လုပ်ငန်း အခြေအနေကော"

"ဟုတ်... ခါတိုင်းလိုပါပဲ"

အန်ကယ်အိုက် နေတာက လေးပြပဲ ဝေးတာ။ ဒါပေမဲ့ ဘယ်တော့မှ သီအိုတို့ အိမ်ကို အလည်မလာဘူး။ သူ ဆက်ဆံပုံက သူစိမ်းတွေလိုလည်း မဟုတ် ဘူး။ ဒါပေမဲ့ သူ နားမလည်တဲ့ အတိတ်ပြဿနာ တခုတော့ ရှိလိမ့်မယ်လို့ သီအို ထင်တယ်။

"မင်း ကျောင်းအခြေအနေကော"

"ကောင်းပါတယ်"

"ဘာသာတိုင်း အေချည်းပဲလား"

"ဟုတ်၊ ဓာတုဗေဒက လွဲလို့ပေါ့လေ"

"မင်း အားလုံး အေ ရမယ် ထင်တာ"

အင်း... အားလုံးထင်ကြတာလို့ သီအို တွေးလိုက်တယ်။ ဘာကြောင့် သူ ဒီလို ထင်တာပါလိမ့် ဆိုတာတော့ သီအို မတွေးတတ်အောင် ဖြစ်နေတယ်။ အင်း.. ဦးလေးသားချင်းတိုင်း ဒီလို တွေးတတ်ကြလား မသိဘူး။ မိဘတွေဆီက ကြားဖူး တယ်။ အိုက်ဟာ စာ သိပ်တော်တယ် တဲ့။ တက္ကသိုလ်မှာ သုံးနှစ်နဲ့ ဘွဲ့ရခဲ့တာ တဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


"သားအမေကော နေကောင်းရဲ့လား"

"ဟုတ်၊ ကောင်းပါတယ်၊ အလုပ်လဲ သိပ်လုပ်နိုင်တယ်"

သူ တခါမှ အဖေ့အကြောင်းတော့ ခုလို မမေးဖူးဘူး။

"ဒါထက် မနက်ဖြန်အမှုအတွက် မင်း ရင်တွေ ခုန်နေတယ် မဟုတ်လား သီအို"

"ဟုတ်တယ် အန်ကယ်အိုက်၊ မနက်ဖြန် ကျွန်တော်တို့ တတန်းလုံး လေ့လာရေး သွားကြမှာ၊ အန်ကယ်အိုက်ကော မသွားဘူးလား"

သီအိုက အဖြေ ကြိုသိနေသားနဲ့ မေးလိုက်တာပါ။

အိုက်က ရှုံ့မဲ့ပြီး...

"မသွားပါဘူး၊ ဘယ်တရားရုံးမှ မသွားဘူး၊ အလုပ်လဲ မအားပါဘူးကွာ"

အဲဒါ အန်ကယ်အိုက်ရဲ့ ပင်ကိုစရိုက်ပါပဲ။

သီအိုက...

"သားကလေ မသွားဘဲကို မနေနိုင်ဘူး"

"အင်း... မင်းက ရှေ့နေ ဖြစ်ချင်နေတုန်းပဲနော်၊ ရာဇဝတ်မှုရှေ့နေကြီး ပေါ့ ဟုတ်လား"

"အဲဒါ မကောင်းဘူးလား အန်ကယ်အိုက်"

"အင်း... မကောင်းဘူးလို့ မပြောပါဘူး မောင်ရာ"

တပတ် တခါ လာတိုင်း ဒီလိုပဲ ခိုးလိုးခုလုတွေ ဖြစ်မြဲပါ။ အိုက်က တူ တော်မောင်ကို ဗိသုကာ၊ ဒါမှမဟုတ် ပန်းချီဆရာ ဖြစ်စေချင်တာ။ ဒါမှမဟုတ် အနုပညာနယ်ပယ်မှာ တခုခုပေါ့။

"ခုခေတ် ကလေး တော်တော်များများက ရဲလုပ်ချင်ကြတယ်ကွ။ တချို့ က မီးသတ်ထဲ ဝင်ချင်ကြတယ်၊ တချို့ကျတော့ ရုပ်ရှင်မင်းသား ဖြစ်ချင်ကြတယ်။ အင်း... အားကစားဝါသနာပါတဲ့ လူလဲ ရှိရဲ့၊ ရှေ့နေ ဖြစ်ချင်တဲ့ ချာတိတ်တော့ မတွေ့ဖူးသလောက်ပဲ"

"ဟုတ်... တခုခုတော့ လူတိုင်း ဖြစ်ချင်ကြတာပါပဲ"

"အန်ကယ်အိုက် အထင်တော့ အဲဒီတရားခံရှေ့နေ ကလစ်ဖို့ဒ်နန့်စ်ဟာ လူတော်တယောက်ပါ။ သူ လျှောက်လဲတာ မင်း နားထောင်ဖူးလား"

"တခြားအမှုတွေ သူ လိုက်တာ တွေ့ဖူးတယ်၊ ရာဇဝတ်မှု လိုက်တာတော့ ခုမှ တွေ့ဖူးတာ"

mgyoe.com

mgyoe.com SAMPLE BOOK


"ကလစ်ဖို့ဒ်နဲ့ အန်ကယ်အိုက်က ခင်ပါတယ်။ မတွေ့တာတော့ ကြာပြီ။ သူ နိုင်မှာပါ၊ သေချာတယ်"

"တကယ်... အန်ကယ်အိုက် တကယ် အဲလို ထင်လား"

"သေချာပါတယ်။ စွဲချက်တင်တဲ့ဘက်က သိပ်အားနည်းတာပဲ၊ သတင်း ကြားရတဲ့အတိုင်း ဆိုရင်ပေါ့လေ"

သူ ကြားတာ ကောလာဟလတွေလို့ သီအို ယုံထားတယ်။ ပင်စင်စား ရှေ့နေ အဘိုးကြီးတွေနဲ့ ဖဲဝိုင်းက ရတဲ့ သတင်းတွေလို့ သီအို့ အဖေက ပြောတယ်။

အိုက်က ချာတိတ်ကို ဆက်ပြောတယ်။

"သူ့မိန်းမကို ဒတ်ဖီ သတ်ပါတယ် ဆိုတဲ့ မျက်မြင်သက်သေမှ မရှိတာ။ အစိုးရရှေ့နေက သံသယအထောက်အထားပဲ ပြနိုင်မှာပေါ့။ အဲဒါက အခိုင်အမာ မဖြစ်နိုင်ဘူးလေ"

"သံသယအထောက်အထား ဆိုတာက..."

သီအို သိရက်သားနဲ့ မေးလိုက်တာ။ သူ့ဦးကြီး ဘယ်လောက် သိထားလဲ ဆိုတာ ထောက်လိုက်တာပေါ့။ ပြီးတော့ သူ ဘယ်အတိုင်းအတာအထိ ပြောချင်စိတ် ရှိမလဲ ဆိုတာလည်း သီအိုက သိချင်နေတယ်။

"အဲဒါ ငွေနဲ့ ဝယ်လို့ ရတယ်လေ။ သူ့မိန်းမရဲ့ အသက်အာမခံ ဒေါ်လာ တစ်သန်းတောင် သူ ရထားတာပဲ။ သူ့အလုပ်က ကောင်းမှ မကောင်းတာ။ အဲဒီ ပိုက်ဆံက လွဲလို့ သူ့မှာ ဘာမှ မရှိဘူး။ ဒါကြောင့် ဒီငွေတွေ လိုချင်လို့ မိန်းမကို သတ်တယ် ဆိုတာ ဖြစ်နိုင်ပေမယ့် ခိုင်လုံတဲ့ အထောက်အထားမှ မဟုတ်တာ"

"သူ့မိန်းမကို သူ လည်ပင်းညှစ်သတ်တာ ဆို"

သီအိုက ဒီအမှုနဲ့ ပတ်သက်တဲ့ သတင်းစာတွေ အားလုံး ဖတ်ထားပြီး သား။ သေပုံသေနည်းကို သိထားပြီးသား။

"လည်ပင်းညှစ်ခံရပြီး သေတယ် ဆိုတာလဲ အယူအဆ တခုပဲ။ အစိုးရ ရှေ့နေက ပြောလိမ့်မယ်၊ မစ္စတာဒတ်ဖီက မိန်းမကို သတ်ပြီး ပစ္စည်းတွေ ယူသွား တာပါလို့"

"မစ္စတာနန့်စ်က သက်သေပြဖို့ မကြိုးစားဘူးလား"

"ဘာမှ ပြစရာ မရှိဘူးလေ။ မစ္စတာဒတ်ဖီ သတ်ပါတယ် ဆိုတဲ့ သက်သေ အထောက်အထား ဘာတခုမှ မရှိဘူး။ မျက်မြင်သက်သေမှ မရှိတာ။ အန်ကယ် အိုက် သိသလောက် အစိုးရရှေ့နေဘက်မှာ ဘာမှ အခိုင်အမာ မရှိဘူး"

mgyoe.com

mgyoe.com  SAMPLE BOOK 

"သူ သတ်တယ်လို့ အန်ကယ်အိုက် မထင်ဘူးပေါ့"

အိုက်က လက်ချောင်းကလေးတွေကို တဖြောက်ဖြောက် ချိုးနေတယ်။ ခဏ စဉ်းစားပြီးမှ...

"အင်း... ပြောတော့ မပြောနိုင်ဘူး။ သူ လုပ်တယ် ဆိုရင်လဲ သေသေချာချာ တွက်ချက်ပြီး လုပ်တာ ဖြစ်ရမယ်။ အားလုံး ကွတ်တိ ဖြစ်နေတာကိုး"

ခရိုခ်ရပ်ကွက်မှာ နေတာက လူချမ်းသာတွေချည်းပဲ။ ၂၇ ကျင်း ဂေါက်ကွင်းက ဝင်ပေါက်တံခါး များစွာနဲ့။ အဲဒီတပိုက်မှာက အားလုံး အိမ်ကြီး အိမ်ကောင်းတွေပဲ။ သူတို့ကိုယ် သူတို့ မြို့မျက်နှာဖုံးတွေလို့ ထင်နေကြတဲ့ လူတွေ။ ဂေါက်ကွင်းနားမှာ နေတဲ့သူတွေ ဆိုတာကိုက ဂုဏ်တရပ်လို ဖြစ်နေတယ်။ အဲဒီလို သီးသန့်ရပ်ကွက် ဖြစ်နေတာကြောင့်ပဲ သီအိုအတွက် တွေးစရာတွေ ရလာတယ်။ အဲဒီတပိုက်မှာ အဖေနဲ့ အမေရဲ့ အမှုသည်တွေ ရှိတယ်။ သူ့သူငယ်ချင်းတွေလည်း ရှိတယ်။ မြို့နဲ့ နှစ်မိုင်လောက် ဝေးပြီး ရပ်ကွက်က ကမ္ဘာကလေးတခုလို ဖြစ်နေတယ်။

မစ္စစ်ဘွန်းက သီအိုကို ငယ်ငယ်ကလေးကတည်းက ပြောတတ်တယ်။ ဟောဒီလို တောမြို့ကလေးက လူတွေဟာ အားအားရှိရင် တယောက်ကို တယောက် နှိမ်လိုက်၊ ပင့်လိုက်နဲ့။ ဒါပဲ သူတို့မှာ အလုပ်ရှိသလိုပဲ။ ပြီးတော့ တဦးတည်းသောသားကလေးကို တဖက်သားအပေါ် အဆိုးမမြင်ဖို့ အမြဲ ဆုံးမတတ်တယ်။

တူဝရီးနှစ်ယောက်ရဲ့ စကားဝိုင်းက ဘေ့စ်ဘောအကြောင်း ရောက်သွားတယ်။ အိုက်က ယန်းကီးအသင်းမှ ယန်းကီးအသင်း။ သည်လက ပြေိပဲ ရှိသေးတယ်။ ဖလား ဘယ်အသင်း ရမယ်ဆိုတာ သူက ကြိုတင် ခန့်မှန်းနေပြီ။ ထုံးစံအတိုင်း သီအိုက ငြင်းတယ်။ ဒါပေမဲ့ သူ့ဦးကြီးကို နိုင်အောင် မငြင်းနိုင်ဘူး။

နာရီဝက် ပြည့်တာနဲ့ နောက်တပတ် လာခဲ့ပါ့မယ် အကြောင်း ကတိပေးပြီး သီအို ထပြန်လာခဲ့တယ်။

ပြန်ခါနီးမှာ အိုက်က မျက်နှာထားကြီးနဲ့ ပြောလိုက်သေးတယ်။

"ဓာတုဗေဒ အမှတ်တက်အောင် လုပ်နော်"

*

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၅ )

တရားသူကြီးမင်း ဟင်နရီဂန်ထရီက ဝတ်ရုံနက်ကြီးရဲ့ ဘယ်ဘက်လက်ကို ညာဘက်နဲ့ ညီအောင် ဆွဲဆန့်လိုက်တယ်။ ပြီးမှ တရားရုံးရဲ့ ဝက်သစ်ချ တံခါးကြီးကို တွန်းဖွင့်ပြီး ဝင်သွားတယ်။ တပြိုင်တည်းမှာ ဘီးလစ်စာရေးကြီးက ထအော်လိုက်တယ်။

"တရားခွင် စမယ်၊ အားလုံး မတ်တတ်ရပ်ကြပါ"

ဂျူရီလူကြီးတွေ၊ ရှေ့နေတွေ၊ တရားရုံးစာရေးတွေနဲ့ လာနားထောင်တဲ့ ပရိသတ်တွေအားလုံး တပြိုင်တည်း ထရပ်လိုက်ကြတယ်။ တရားသူကြီး ဂန်ထရီက ပလ္လင်တမျှ ခမ်းနားလှပတဲ့ ထိုင်ခုံကြီးမှာ ဝင်ထိုင်လိုက်တာနဲ့ တပြိုင်နက်တည်း ဘီးလစ်စာရေးကြီးရဲ့ အောင်မြင်တဲ့ အသံကြီးနဲ့ ကြေညာသံ ထွက်လာပါတယ်။

"အားလုံး နားထောင်ကြပါ၊ အားလုံး နားထောင်ကြပါ။ တရားသူကြီးမင်း ဟင်နရီဂန်ထရီ ကြပ်မတ်ကျင်းပမယ့် တရားခွင် စပါပြီ ခင်ဗျာ။ သက်ဆိုင်သူနှစ်ဖက်ရှေ့နေများနဲ့ တရားခွင်ကို လာကြတဲ့ ဧည့်သည်အားလုံးကို ဘုရားသခင် စောင့်ရှောက်ပါစေ ခင်ဗျား"

တရားသူကြီးက စားပွဲပေါ်က မိုက်ခရိုဖုန်းဆီကို ကိုင်းပြီး ခပ်ကျယ်ကျယ် အော်ပြောလိုက်တယ်။

"အားလုံး ထိုင်နိုင်ပါပြီ"

mgyoe.com

mgyoe.com

SAMPLE BOOK


အားလုံး ခုံတန်းရှည်တွေပေါ် ပြိုင်တူ ထိုင်လိုက်ကြတဲ့အခါ ဝေါခနဲ အသံမြည်သွားတယ်။ တဆက်တည်းမှာပဲ လက်ဆွဲအိတ်၊ လက်ကိုင်အိတ်တွေ ရွှေ့သံချသံတွေ ထွက်လာတယ်။ ပြီးမှ လူနှစ်ရာခန့်ရဲ့ သက်ပြင်းချသံတွေ ကြားလိုက်ကြရတယ်။ နောက်တော့ အပ်ကျသံတောင် ကြားရလောက်အောင် တိတ်ဆိတ်သွားတယ်။

တရားသူကြီးက တရားခွင်ကို ခပ်သွက်သွက် တချက် ဝေ့ကြည့်လိုက်တယ်။ သူ မျှော်လင့်ထားတဲ့အတိုင်း တရားရုံး တခုလုံး ခုံအပြည့်။ တရားသူကြီး ဂန်ထရီ စကားစတယ်။

"အင်း... ကျုပ်တို့ တွက်ထားတဲ့အတိုင်း ဒီနေ့ လူတွေ စိတ်ဝင်စားကြတာပဲ။ ခုလို ကြွရောက်လာကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်"

ပြောပြီး ဝရန်တာဘက်မှ လှမ်းကြည့်လိုက်တော့ သီအိုဘွန်းနဲ့ အကြည့်ချင်း ဆုံလို့ တရားသူကြီးက ပြုံးပြလိုက်တယ်။ ပြီးတော့မှ သူ့အတန်းဖော် အားလုံးကိုပါ ဝေ့ကြည့်ပြီး ပြုံးပြလိုက်တယ်။ ဒီတော့ ကလေးတွေအားလုံး ဝုန်းခနဲ ထရပ်ပြီး သတိဆွဲလိုက်ကြတယ်။

"နိုင်ငံတော်နဲ့ မစ္စတာပီတာဒတ်ဖီတို့ရဲ့ အမှု စပါတော့မယ်။ အစိုးရရှေ့နေကြီး အဆင်သင့် ဖြစ်ပါပြီလား"

ဂျက်ဟိုဂန်က ထရပ်ပြီး..

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ဘက်က အဆင်သင့်ပါပဲ တရားသူကြီးမင်း ခင်ဗျာ"

"တရားခံဘက်က အကျိုးဆောင်အဖွဲ့ကော အဆင်သင့်ပဲလား"

ကလစ်ဖို့ဒ်နန့်စ်က ဟန်ပါပါ ထရပ်ပြီး...

"ကျွန်တော်တို့အားလုံး အဆင်သင့်ပါပဲ တရားသူကြီးမင်း ခင်ဗျာ"

တရားသူကြီး ဂန်ထရီက သူ့လက်ယာဘက်ကို ငဲ့ပြီး ဂျူရီလူကြီးတွေကို ကြည့်လိုက်တယ်။

"ကဲ... ဂျူရီလူကြီးမင်းများနဲ့ ဂျူရီအမျိုးသမီးများ ခင်ဗျာ၊ ဒီဂျူရီအဖွဲ့ကို ပြီးခဲ့တဲ့ အပတ်ကမှ ရွေးပြီး ဖွဲ့လိုက်တာပါ။ ခင်ဗျားတို့အားလုံး ဒီရုံးခန်းထဲက ထွက်သွားတာနဲ့ ဒီအမှုကို ဘယ်သူနဲ့မှ မဆွေးနွေးဖို့ ကျွန်တော် အလေးအနက် တားမြစ်ပါတယ်။ တကယ်လို့ တစုံတယောက်က ဒီအမှုနဲ့ပတ်သက်ပြီး ခင်ဗျားတို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

ချဉ်းကပ်လာရင်လဲ ကျွန်တော့်ကို ချက်ချင်း အသိပေးရမယ်။ ကဲ... အခု ကျွန်တော် မေးမယ်၊ ဒီအမှုနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ကို ဆက်သွယ်တဲ့ တစုံတယောက် ရှိပြီလား"

ဂျူရီတဖွဲ့လုံးက ခေါင်းယမ်းပြကြတယ်။

"ကဲ... ဟုတ်ပြီ၊ အမှုသွားအမှုလာကို ကျုပ်တို့အားလုံး ဆွေးနွေးထားပြီးပြီ။ ရုံးတော်ကို အခု စပါတော့မယ်။ နှစ်ဖက် အကျိုးတော်ဆောင်ကြီးများ ရုံးတော်ကို စတင်နိုင်ပါပြီ။ ဒီနေ့ နှစ်ဖက် တင်ပြလျှောက်လဲတဲ့ နေရာမှာ သက်သေ တင်ပြဖို့ မလိုသေးဘူး။ အထောက်အထား ပြဖို့ မလိုသေးဘူး။ အမှုသွား အမှုလာကို တစ်ဖက်နဲ့တဖက် တင်ပြဆွေးနွေးဖို့ပဲ။ တရားခံမှာ အပြစ်ရှိတယ်လို့ စွပ်စွဲရမယ့် ဘက်က အစိုးရဖြစ်နေလို့ အစိုးရရှေ့နေကြီးက စပါ။ ကဲ.... မစ္စတာဟိုဂန်၊ ခင်ဗျား အသင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ ခင်ဗျ၊ အသင့်ပါပဲ"

"ကဲ... ဒါဆို စတော့"

သီအိုတယောက် မနက်စာလည်း အိမ်မှာ ကောင်းကောင်း စားမဝင်ခဲ့ဘူး။ ညကလည်း ကောင်းကောင်း အိပ်မပျော်ဘူး။ အားကစားသမားတွေ ပွဲမစခင် စိတ်တွေ လှုပ်ရှားပြီး မအိပ်နိုင်၊ မစားနိုင် ဖြစ်ကြတဲ့ အတိုင်းပါပဲ။ စိတ်လှုပ်ရှားတာရယ်၊ ကြောက်တာရယ် ရောပြီး သီအိုတယောက် ရင်တလှပ်လှပ် ဖြစ်နေတယ်၊ တရားရုံးခန်းမကြီးရဲ့ လေထုဟာ အသက်ရှူရ ခက်လောက်အောင် တင်းကျပ်နေသလိုပဲ။ တကယ့် ပွဲကြီးပွဲကောင်း မဟုတ်လား။

မစ္စတာဟိုဂန်က ရောမ ရာဇဝတ်မှုကြီးတွေကို ကိုင်လာတဲ့ အစိုးရရှေ့နေကြီး တယောက်။ အရပ်မြင့်မြင့်၊ နဖူးပြောင်ပြောင်နဲ့ ဗလကောင်းကောင်း။ နေ့တိုင်းလိုပဲ အနက်ရောင်ဝတ်စုံနဲ့။ သူ့နောက်က အဖွဲ့သားတွေကလည်း အားလုံး ဝတ်စုံနက် ကိုယ်စီနဲ့။ သူ့အဖွဲ့သား ဘယ်လောက်များတယ် ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ဘူး။ တယောက်တလေပဲလား၊ နှစ်ဒါဇင်ပဲလား။ သူက ရယ်ခဲ၊ ပြုံးခဲတဲ့လူ ဖြစ်ပေမယ့် ခပ်ရွှင်ရွှင်စပြီး သူ့ကိုယ်သူ မိတ်ဆက်တယ်။

"အားလုံး မင်္ဂလာပါ ခင်ဗျာ"

ပြီးမှ သူ့ နောက်တော်ပါး ရှေ့နေနှစ်ယောက်နဲ့ ထပ်မိတ်ဆက်ပေးတယ်။ သူ့ စတင်ပုံက ခန့်ခန့်တည်တည်နဲ့ ကြည်ညို လေးစားချင်စရာ အတိပါပဲ။

mgyoe.com